# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၀၉)၊ ၁၃၈၀ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ ၁၃-၁၀-၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သည် ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေ များကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်လေဆိပ် သို့ရောက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ

စာမျက်နှာ ၃ သို့ ☆

**ယနေ့ ဖတ်စရာ အညွှန်း**


ကိုးလ်ပါလ်မာ ချဲလ်ဆီးအသင်းနှင့် အတူ သက်တမ်းတိုးစာချုပ် ချုပ်ဆို

စာမျက်နှာ ၁၁

မန္တလေးတွင် လာမည့်တစ်ပတ် အပူချိန် ၉၉ ဒီဂရီဖာရင်ဟိုက်အထိ ရှိနိုင်ပြီး နေရာကျဲကျဲမိုးရွာနိုင်

စာမျက်နှာ ၁၃

တို့ကျေးရွာ၏ ရိုးရာဝါကျွတ်ဘုရားပွဲ (ဆောင်းပါး)

စာမျက်နှာ ၁၄


## ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးစီးခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား အလုပ်အကိုင်ရရှိရေးအတွက် မလေးရှားနိုင်ငံသို့ စတင်စေလွှတ်

နေပြည်တော် အောက်တိုဘာ ၁၂

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးစီးခဲ့သူများအနက် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများကို ၎င်းတို့ဆန္ဒပြုသည့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နိုင်ရေး၊ ထိုသို့ သွားရောက်လုပ်ကိုင်ရာတွင် ကောင်းမွန်သည့်အလုပ်အကိုင်များ ရရှိစေရေး၊ ဝန်ဆောင်ခများ သက်သာစေရေး သို့မဟုတ် အလုပ်ရှင်၏ ကုန်ကျစရိတ်ဖြင့် သွားရောက်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများနှင့် ချိတ်ဆက်၍ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ စာရင်းပြုစုခြင်း၊ အရည်အချင်းစိစစ်ခြင်း၊ ကျွမ်းကျင်မှုသင်တန်းပို့ချခြင်းနှင့် စေလွှတ်ရေးလုပ်ငန်းစဉ်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်လိုကြောင်း ဆန္ဒပြုခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနက် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား

စာမျက်နှာ ၄ သို့ ○

## ကျောက်ဆည်မြို့နယ်၌ မိုးစပါး၅၂၄၅၆ ဧက စိုက်ပျိုးပြီးဖြစ်

ကျောက်ဆည် အောက်တိုဘာ ၁၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးလျက်ရှိပြီး ယခုအခါ မိုးစပါး ၅၂၄၅၆ ဧက စိုက်ပျိုးပြီးကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်၌ မိုးစပါးများ စိုက်ပျိုးရာ၌ ဒေသနှင့် ကိုက်ညီသည့် မနောသုခ၊ အောင်နိုင်တိုး၊ ဆင်းသုခ၊ ဧရာမင်း၊ ပေါ်ဆန်းဘေးကြားနှင့် နယူးဧရာ စပါးမျိုးများ စိုက်ပျိုးထားကြောင်းနှင့် စမာစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၈၀၃၁ ဧက၊ တမုတ်စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၉၅၄၉ ဧက၊ မင်းရဲစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၅၉၅၆ ဧက၊ သင်းတွဲ စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၁၀၁၈၆ ဧက၊ ထုံးကြီးစိုက်ပျိုးရေး နည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၉၂၄၅ ဧက၊ သင်းဒီးစိုက်ပျိုးရေး နည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၉၄၈၉ ဧက စုစုပေါင်း ၅၂၄၅၆ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။



ကျောက်ဆည်မြို့နယ်အနေဖြင့် ဒေသတွင်း ဆန်စပါး ဖူလုံပိုလျှံရေး မိုးစပါးများ စိုက်ပျိုးရာ၌ ဇော်ဂျီ၊ ကင်းတား၊ သစ်တက္ကုန်း ဆည်ရေများအပြင် မိုးကောင်းသောက်၊ စက်ရေတွင်းများဖြင့် စိုက်ပျိုးကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဧလ**

၂၀၂၆ ခုနှစ် ၊ အောက်တိုဘာ ၁၃ ရက် ၊ အင်္ဂါနေ့။
မန္တလေး နေ့စဉ်

## မြန်မာ့ထုပ်ပိုးမှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတကာဈေးကွက်နှင့် ရင်ပေါင်တန်းနိုင်ရန် ဆောင်ရွက်လျက်ရှိ

MSME ထုတ်ကုန်များ ဈေးကွက်ရရှိရေး၊ သုံးစွဲသူ ပြည်သူများအား ဆွဲဆောင်မှုရှိစေရေး၊ ထုပ်ပိုးမှုအဆင့်အတန်း မြင့်မားတိုးတက်လာစေရေးတို့အတွက် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းမှကြီးမှူး၍မြန်မာ့ထုပ်ပိုးမှုဖိုရမ် ၂၀၂၆ကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပသည်။

ဖိုရမ်ကို မြန်မာ့ထုပ်ပိုးမှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတကာဈေးကွက်နှင့် ရင်ပေါင်တန်းနိုင်ရန်၊ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများနှင့် MSME များအတွက် ခေတ်မီထုပ်ပိုးမှုနည်းပညာသစ်များ၊ စက်ကိရိယာများနှင့် ဆန်းသစ်သော အလေ့အထများကို မိတ်ဆက်ပေးရန်၊ လုပ်ငန်းရှင်များအချင်းချင်း ချိတ်ဆက်မှုကွန်ရက်တည်ဆောက်နိုင်ရန်၊ နည်းပညာရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ ဖန်တီးပေးရန်ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါ ဖိုရမ်သို့ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည်ဝန်ကြီးဌာနရုံးအမှတ်(၃၀)အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ပြီး အရည်အသွေးကောင်းမွန်သည့် ထုပ်ပိုးမှုစနစ်ကြောင့် ထုတ်ကုန်များ၏ သက်တမ်းကြာရှည်စေခြင်း၊ သယ်ယူပို့ဆောင်ရာတွင် ထိခိုက်ပျက်စီးမှု နည်းပါးစေခြင်း၊ စားသုံးသူများ၏ အမြင်အာရုံကိုဖမ်းစားနိုင်ပြီး ဈေးကွက်ဝေစုတိုးတက်ရရှိစေခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းများကို လိုက်နာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်ကြောင်း၊ ယနေ့ကာလတွင် ကမ္ဘာ့တစ်ဝန်း စားသုံးသူများသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် ထုပ်ပိုးမှု၊ သဘာဝအတိုင်းဆွေးမြည့်ပျက်စီးသွားနိုင်သော ထုပ်ပိုးမှုပစ္စည်းများနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့်စနစ်များကို ပိုမိုဦးစားပေးလာကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းရှင်များအနေဖြင့်လည်း ကမ္ဘာ့စားသုံးသူများ၏ လမ်းစဉ်နှင့်အညီ ရေရှည်တည်တံ့သည့် ထုပ်ပိုးမှုနည်းပညာများကိုပါ ကြိုတင်ပြင်ဆင်အကောင်အထည်ဖော်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။ မြန်မာ့ထုပ်ပိုးမှုနှင့် စပ်လျဉ်း၍သက်ဆိုင်သည့် အခန်းကဏ္ဍများအလိုက် ကျွမ်းကျင်ပညာရှင်များက ရှင်းလင်းဆွေးနွေးခြင်း၊ အခမ်းအနားတက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းခြင်း၊ ဆွေးနွေးမှုရလဒ်များအားခြုံငုံသုံးသပ်ခြင်းများ ဆောင်ရွက်ကြသည်။

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အနေဖြင့် MSME လုပ်ငန်းများအတွက် ငွေကြေးအရင်းအနှီးရရှိရေး၊ နည်းပညာရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် MSME ထုတ်ကုန်များအား ပြည်သူအများသိရှိရေး၊ လုပ်ငန်းရှင်အချင်းချင်း အသိပညာဖလှယ်နိုင်ရေး၊ နည်းပညာများရရှိရေးတို့အတွက် ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်များကိုလည်း ကျင်းပပေးလျက်ရှိသည်။

MSME များသည် နိုင်ငံ့စီးပွားရေး၏ အခြေခံအင်အားစုဖြစ်သည့်အပြင် ပြည်တွင်းအလုပ်အကိုင်ဖန်တီးမှု၊ ဒေသအလိုက်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အသက်မွေးဝမ်းကျောင်း တိုးတက်ရေးတို့အတွက် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိခြင်းနှင့် မြန်မာ့ထုပ်ပိုးမှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်က MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီပံ့ပိုးပေးလျက်ရှိကြောင်းရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး။

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး။

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ကလေးအလုပ်သမားပပျောက်ရေးဟောပြောပွဲ ဆောင်ရွက်

**မြို့သစ် အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ ကလေးအလုပ်သမားနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်အတွက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ပုလင်းကြီးကျေးရွာအုပ်စု၊ သီးပင်ကျေးရွာ၊ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က ကျောင်းသား၊ ကျောင်းသူများအားကလေး အလုပ်သမားဆိုသည်မှာ ကလေးအလုပ်သမား၏အသက်အရွယ်၊ ကလေးအလုပ်သမားများအတွက် အလုပ်ချိန်ကန့်သတ်ချက်၊ ကလေးသူငယ်အခွင့်အရေးများနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကလေးအလုပ်သမားမဖြစ်ရအောင် ကျောင်းနေအရွယ်တွင် စာကိုကြိုးစား၍ မိဘ၊ အုပ်ထိန်းသူများ အားတစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဗဟုသုတရရှိစေမည့် ပုံပြင်၊ ရုပ်ပြကာတွန်း၊ စာစောင်များအားလှေ့လာဖတ်ရှုစေခဲ့ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

၀-၀-၀-၀-၀

## ကျေးလက်လမ်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအား တာဝန်ရှိသူများကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် အောက်တိုဘာ ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန စဉ့်ကိုင်မြို့နယ်မှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ်(၄၃ ဒသမ ၃၂)သန်းဖြင့် ဆောင်ရွက်လျက်ရှိ သောဆယ့်နှစ်ကိုင်း-မြောက်ကိုင်း-စိတ္တရကျေးရွာချင်းဆက်လမ်း ပျက်စီးသွားသောကတ္တရာလမ်းပိုင်းအား ပြုပြင်ခြင်းလုပ်ငန်း (0.14kmx3.66mx375mm)ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)က ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ရာ၌ သတ် မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးကောင်းမွန်စွာရရှိစေရန် အထူးဂရုစိုက် ဆောင်ရွက်သွားရန်နှင့် လျာထားလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး အလေးထားလုပ်ဆောင်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မင်းမြန်မာကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ၅၈ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြားရှိ အဆိုပါကျောင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးကျော်ဆန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မင်းမြန်မာကိုယ်ပိုင်အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးတင်ကိုက ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်စံပယ်က ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအောင်မင်းဦး (မင်းမင်း-မန္တလေး)က လူငယ်နှင့် ဗလငါးတန်ဖွံ့ဖြိုးရေးအကြောင်းကို အသိပညာပေးဟောပြောပြီး ပတ်ဝန်းကျင်ထိန်းသိမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့ချစ်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**




**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန ဖုန်း/၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ထားဝယ်လေဆိပ်အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

☆ ရှေ့ဖုံးမှ

တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရိုးရာယဉ်ကျေးမှု အဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

### ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင် ဆောင်ရွက်နေမှု

ထို့နောက် လေဆိပ်အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ဝင်းမင်းတို့က ထားဝယ်လေဆိပ်ဆိုင်ရာ အချက်အလက်များ၊ ထားဝယ်လေဆိပ် အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်းတို့အား ဘဏ္ဍာရေးနှစ်အလိုက် အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်အတူ ခရီးသည်နှင့်လေယာဉ်ဆိုက်ရောက်ပျံသန်း ဝင်ထွက်မှုများ ပိုမိုများပြားလာနိုင်မည်ဖြစ်သဖြင့် ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်မှုအား ကြိုတင်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ကောင်းမွန်မှုရှိစေရေး၊ လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဆင်းသက်နိုင်ရေးနှင့်လေယာဉ်ပြေးလမ်းတစ်လျှောက် ရေဝပ်ဧရိယာများမရှိစေရေး ရေနုတ်မြောင်းများ စနစ်တကျ တွက်ချက်ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်းနှင့်လေယာဉ်ပြေးလမ်းဘယ်ညာ လမ်းပခုံးမြေသားများ စနစ်တကျဖော်ဆောင်ခြင်း၊ ပြေးလမ်းတစ်လျှောက် ပတ်ဝန်းကျင်တွင် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက်လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### ရွှေဝယ်သီရိပညာဗိမာန် စာကြည့်တိုက်

ဆက်လက်၍ ထားဝယ်မြို့ ညောင်ရမ်း(တောင်) ရပ်ကွက်ရှိ ရွှေဝယ်သီရိပညာဗိမာန် စာကြည့်တိုက်သို့ ရောက်ရှိကြပြီး စာကြည့်တိုက်အတွင်း စာဖတ်ခန်း၊ E-Library၊ သုတစာအုပ်စင်နှင့် စာကြည့်တိုက်အတွင်း သုတ၊ ရသ စာအုပ်များ စနစ်တကျထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အများပြည်သူအသိဉာဏ် ပညာဗဟုသုတတိုးပွားလာစေရန်နှင့် စာအုပ်စာပေများကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေး စာကြည့်တိုက် လုပ်ငန်းများအား စနစ်တကျဖြင့် ဆောင်ရွက်သွားရန်၊ စာဖတ်သူများ ပိုမိုတိုးပွားလာစေရေး အားပေးစည်းရုံးဆောင်ရွက်သွားရန်၊ စာကြည့်တိုက်တွင် သုတ၊ ရသ စာအုပ်စာစောင်များ အမြဲမပြတ် ဖြည့်ဆည်းပေးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ရွှေဝယ်သီရိ ပညာဗိမာန်စာကြည့်တိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

### ရွှေဝယ်သီရိ အားကစားကွင်း

ယင်းနောက် ရွှေဝယ်သီရိ အားကစားကွင်းသို့ ရောက်ရှိကြပြီး ပွဲကြည့်စင်အသစ်တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အားကစားကွင်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ပွဲကြည့်စင်အသစ် တည်ဆောက်ရာတွင် စနစ်တကျဖြစ်စေရေး၊ အားကစားကွင်းအား စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးနှင့် အထူးတန်းအပါအဝင် ပွဲကြည့်စင်သစ်များ ထပ်မံတိုးချဲ့ဆောက်လုပ်ပေးနိုင်ရေးတို့နှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားကာ ထားဝယ်မြို့အတွင်းနှင့် ကမ်းနားလမ်းတစ်လျှောက် မြို့ပြဖွံ့ဖြိုးမှု၊ ကမ်းနားလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်

ဆက်လက်၍ ဆန်းချီရပ်ကွက် ကမ်းနားလမ်းရှိ တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သဘာဝအလှရှုခင်းများပြခန်း၊ ဆလုံတိုင်းရင်းသားပြခန်း၊ ရိုးရာပွဲတော်များပြခန်း၊ ရိုးရာလက်မှုလုပ်ငန်းများပြခန်း၊ ကျောက်ခေတ်လူသားများနေထိုင်သည့်ဂူနှင့် ကျောက်ခေတ်သုံး လက်နက်များ၊ ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာများ၊ သမိုင်းဝင် အသုံးအဆောင်ပစ္စည်းများ၊ တနင်္သာရီဒေသ၏သမိုင်းကြောင်းစဉ်လာနှင့် ရှေးဟောင်းမြို့တော်များ ပြခန်း၊ ရိုးရာစီးပွားရေး လုပ်ငန်းများ ပြခန်းတို့ကို ပြခန်းတစ်ခုချင်းစီအလိုက် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်သမ္မတသည် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြတိုက်အတွင်းရှိ ရှေးဟောင်းပစ္စည်းများနှင့် သမိုင်းဝင်မှတ်တမ်းများ၊ အထောက်အထားများသည် ငွေကြေးနှင့် တန်ဖိုးမဖြတ်နိုင်သော အဖိုးတန်အမွေအနှစ်များဖြစ်သည့်အတွက် ရေရှည်တည်တံ့စေရန်နှင့် ပျက်စီးယိုယွင်းမှုမရှိစေရန် အထူးဂရုပြု စောင့်ရှောက်ထိန်းသိမ်းသွားရန် လိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ရှိ ရှေးဟောင်းမြို့တော်များ၏ ပုံစံငယ်ပြသထားရှိမှုအား ခေတ်စနစ်နှင့်လျော်ညီစွာ ပြန်လည်ပြုလုပ်ပြသသွားရန်လိုကြောင်း၊ ရှေးဟောင်းပေစာ၊ ပုရပိုက်စာများမှ ဖော်ပြချက်များအား ရေရှည်မပျောက်ပျက်စေရေးနှင့် နောင်လာနောက်သားတို့ သိရှိနိုင်ရေး နည်းပညာအသုံးပြု၍ ပြန်လည်ကူးယူထိန်းသိမ်းခြင်း၊ ဖော်ပြချက်များ၏ အဓိပ္ပာယ်နှင့် သမိုင်းနောက်ခံများအား ရှေးဟောင်းသုတေသနဆိုင်ရာ ကျွမ်းကျင်သူများနှင့်ပူးပေါင်း၍ သုတေသနပြုလုပ် ဖော်ထုတ်ခြင်းတို့ဖြင့် မြန်မာ့ရိုးရာ စာပေယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်သွားရန် လိုကြောင်း၊ ပြခန်းများအလိုက် ရှေးဟောင်းပစ္စည်းများ၊ စေတီပုထိုးများ၊ ဘုရားများတွင်လည်း လာရောက်ကြည့်ရှုလေ့လာသူများ လွယ်ကူရှင်းလင်းစွာ သိရှိနိုင်ရေး အကြောင်းအရာများ၊ ခုနှစ်၊ သက္ကရာဇ်များ၊ သက်တမ်းများကို ဖော်ပြထားရန်လိုကြောင်း။

ပြတိုက်သို့ ရပ်နီးရပ်ဝေးမှ လာရောက် လေ့လာကြသူများ အပြင် တနင်္သာရီတိုင်းဒေသကြီး အတွင်းမှ အခြေခံပညာကျောင်းသား ကျောင်းသူများအနေဖြင့်လည်း လာရောက်လေ့လာနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းအားဖြင့် မိမိတို့နိုင်ငံနှင့်လူမျိုး၊ မိမိတို့ဒေသ၏ သမိုင်းကြောင်း အစဉ်အလာ၊ အမျိုးသားရေး လက္ခဏာ (National Identity)၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ဘာသာသာသနာ၊ ယဉ်ကျေးမှုတို့၏ ကြီးမြတ်သည့် ရိုးရာတန်ဖိုးများနှင့် ဒေသထုတ်ကုန်များ အစရှိသဖြင့် မိမိဒေသရပ်ရွာအပေါ် ပိုမိုနားလည်သဘောပေါက်သိရှိလာမည်ဖြစ်ပြီး နိုင်ငံနှင့် လူမျိုး၊ ဒေသကို ချစ်မြတ်နိုးစိတ်များ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စဉ်ဆက်မပြတ် ဆက်လက်လက်ဆင့်ကမ်းထိန်းသိမ်းလိုစိတ်များ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### ထားဝယ်မြို့ ရေကူးကန်၊ ဒိုင်ဗင်ကန်နှင့် ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆောက်အအုံ (Indoor Stadium)

ထို့နောက် ထားဝယ်မြို့ ရေကူးကန်၊ ဒိုင်ဗင်ကန်နှင့် ပွဲကြည့်စင်ပါ မိုးလုံလေလုံ အဆောက်အအုံ (Indoor Stadium) တည်ဆောက်မည့် မြေနေရာသို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများနှင့် ထားဝယ်မြို့ ကမ်းနားလမ်းအား အပိုင်းအလိုက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၄ သို့ ☆





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေဝယ်သီရိအားကစားကွင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထားဝယ်မြို့ရှိ ရွှေဝယ်သီရိပညာဗိမာန်စာကြည့်တိုက်တွင် ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၃ မှ

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက ရေကူးကန်၊ ဒိုင်ဗင်ကန်နှင့် ပွဲကြည့်စင်ပါ မိုးလုံလေလုံ အဆောက်အအုံ တည်ဆောက်ရာတွင် ရေရှည်အတွက် စနစ်တကျတွက်ချက်၍ ခေတ်နှင့်အညီ အဆင့်အတန်း မီမီ တည်ဆောက်သွားရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောက်လုပ်သွားရန် လိုကြောင်း၊ ထားဝယ်မြို့ ကမ်းနားလမ်းအား နှစ်လမ်းသွားမှ လေးလမ်းသွားလမ်းမကြီးအဖြစ် ယာဉ်များ လမ်းဘေးချရပ်နိုင်သည့် ယာဉ်ချရပ်များ၊ ဆိုင်ကယ်စီးနင်းသွားလာနိုင်သည့် လမ်းများ အပါအဝင် တိုးချဲ့ဆောင်ရွက်သွားရန်နှင့် ထားဝယ်မြို့အတွင်းရှိ လမ်းများအား အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ရာတွင် နောင်အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ပိုမိုများပြားလာနိုင်မှုအပေါ် မူတည်တွက်ချက်၍ လမ်းများကို စနစ်တကျ တိုးချဲ့ဖောက်လုပ်သွားရန် လိုကြောင်း၊ လမ်းဘေးဝဲ၊ ယာ တစ်လျှောက်နှင့် လူနေရပ်ကွက်များအတွင်း ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ရေစီးရေလာများကောင်းမွန်နေစေရေး ရေနုတ်မြောင်းများ စနစ်တကျ ဖောက်လုပ်ထားရှိရန်နှင့် ရေမြောင်းများအတွင်း အမှိုက်များပိတ်ဆို့မှု မရှိစေရေး အမြဲမပြတ်ဖယ်ရှား ရှင်းလင်းသွားရန် လိုကြောင်း၊ လမ်းဘေးဝဲ၊ ယာ တစ်လျှောက် လမ်းမီးတိုင်များ စနစ်တကျ တပ်ဆင်ထားရှိရန်နှင့် ရာသီဥတုဒဏ်ကိုခံနိုင်သည့် အရိပ်ရလေကာပင်များ စိုက်ပျိုးသွားရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပြင်ဦးလွင်မြို့နယ်၊ ညောင်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**ပြင်ဦးလွင် အောက်တိုဘာ ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ ညောင်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မီးဖိုချောင်သုံးစိုက်ခင်းဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၀၅ သိန်းဖြင့် ဆောင်ရွက်ထားသော မီးဖိုချောင်သုံး စိုက်ခင်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊မရှိကို စစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ မီးဖိုချောင်သုံးစိုက်ခင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀၅ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပြီး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)အောင်ရဲကျော်

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် အောက်တိုဘာ ၁၂**

ယနေ့ နံနက် ၇ နာရီ ၅၈ မိနစ် ၄၆ စက္ကန့်တွင် ကန့်ဘလူ မြေငလျင်စခန်းမှ အရှေ့ဘက် ၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(သပိတ်ကျင်းမြို့၏ မြောက်–အရှေ့မြောက်ဘက် ၂၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၂၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၉(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ချမ်းမြသာစည်မြို့နယ်အတွင်း၌ ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံ၊ ကျောင်းများနှင့် ဘုရားဝင်းများအတွင်း ဥပဓိရုပ်ကောင်းမွန်စေရေး အတွင်း၊အပြင် သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို အောက်တိုဘာ ၁၀ ရက် နံနက် ၇ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ မြေစွန်းဝန်ဘုရားဝင်းအတွင်း၌ ပြုလုပ်လျက်ရှိသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများက မြေစွန်းဝန်ဘုရားဝင်းအတွင်း ဘုရားရင်ပြင်တော်ပရိဝုဏ်အတွင်း တံမြက်စည်းလှည်းခြင်း၊ ဘုရားဝင်း အတွင်း၊အပြင် ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများမှ နုန်းစာများ ဆယ်ယူခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ဘုရားဂေါပကအဖွဲ့များနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဇိရ)

## အွန်လိုင်းမှတစ်ဆင့် ဆုံလည်ခုံမှာယူပြီး ပစ္စည်းမရသည့်တိုင်ကြားမှုကို စားသုံးသူရေးရာ၏ ညှိနှိုင်းဖြေရှင်းမှုဖြင့် စရန်ငွေပြန်လည်ရရှိ

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် Online Shop တစ်ခုထံမှ ဆုံလည်ခုံလေးလုံးကို စရံငွေကျပ် ၅၄၀,၀၀၀/- ပေးချေခဲ့သော်လည်း ငါးလကျော်ကြာသည်အထိ ပစ္စည်းပို့ဆောင်ပေးခြင်း မရှိသောကြောင့် စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ လူကိုယ်တိုင်လာရောက်တိုင်ကြားခဲ့သည်။

အဆိုပါတိုင်ကြားချက်နှင့် ပတ်သက်၍ စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများက သက်ဆိုင်ရာ Online Shop သို့ ဆက်သွယ်၍ ထိုဈေးဝယ်သူ၏ စရန်ငွေကို ပြန်လည်ပေးလျော်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ တိုင်ကြားခံရသည့် Online Shop ဘက်က ပြန်လည်ပေးလျော်မည်ဖြစ်ကြောင်း ဖြေကြားခဲ့သော်လည်း နောက်ပိုင်းတွင် ဖုန်းခေါ်ဆိုမှုများကို လက်ခံဖြေကြားခြင်း မရှိသည့်အတွက် တိုင်ကြားခံရသည့် Online Shop တည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာစီးမှူးရုံးသို့ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်လျှောက်ထားရယူထားခြင်း ရှိ၊ မရှိနှင့် စရန်ငွေပြန်လည်ပေးလျော်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် အကြောင်းကြားဆောင်ရွက်နေစဉ်အတွင်း အဆိုပါ Online Shop ဘက်မှ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ ဆက်သွယ်၍ တိုင်ကြားသူအား စရန်ငွေကျပ် ၅၄၀,၀၀၀/-ကို ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်သည်။

ထို့ပြင် အဆိုပါ Online Shop သည် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်လျှောက်ထားဆဲဖြစ်ကြောင်းကိုလည်း စိစစ်တွေ့ရှိရသဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ တာဝန်ရှိသူများက တိုင်ကြားသူထံသို့ ဆက်သွယ်မေးမြန်းခဲ့ရာ စရန်ငွေကျပ် ၅၄၀,၀၀၀/- ကို ပြန်လည်လက်ခံရရှိပြီးဖြစ်၍ ကျေနပ်မှု ရှိသဖြင့် အဆိုပါ တိုင်ကြားမှုကို ပိတ်သိမ်းပေးပါရန် ပြောကြားခဲ့သဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်–၅)



○ ပြည်သူ့စစ်မှုထမ်းမှ

၂၀၂၆ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် Golden Plant Services Co., Ltd. အစီအစဉ်ဖြင့် မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်နိုင်ရေး စတင်စေလွှတ်ပေးနိုင်ခဲ့ပြီး မလေးရှားနိုင်ငံ၌ လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်သည်။

ဆက်လက်၍ ထိုင်းနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းသို့ ငါးဦးနှင့် မလေးရှားနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းသို့ ငါးဦးတို့အား အမြန်စေလွှတ်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ပြီးစီးခဲ့သူများနှင့် ၎င်းတို့၏မိသားစုဝင်များ လူမှုစီးပွားဘဝ ပိုမိုကောင်းမွန်တိုးတက်လာရုံမျှမက အနာဂတ်အတွက် ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထားဝယ်မြို့ ကျက်သရေဆောင် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် အောက်တိုဘာ ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သည် ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ ကျက်သရေဆောင် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညို၍ နိုင်ငံတော်သမ္မတက ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံမှုများ ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး ဘက်စုံအလှူငွေများ ပေးအပ်ရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် မေတ္တာလက်ဆောင် ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရွှေတောင်စား စေတီတော်မြတ်ကြီးရှိ မဟာဝိဇယ ခေမသီတလ နိဗ္ဗုတ ဃောသ မဟာခေါင်းလောင်းတော်ကြီးအား ထိုးခတ်ပူဇော်သည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ စေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း ရှေးဟောင်းသမိုင်းဝင် ရဟန္တာ သိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး သိမ်တော်ကြီးအား ရှေးမူလက်ရာမပျက် ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရွှေတောင်စား စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုပြီး ထားဝယ်မြို့ ကျက်သရေဆောင် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး ထိန်းသိမ်းခြင်း လုပ်ငန်းများကို စနစ်တကျဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်၊ စေတီတော်ကြီးရင်ပြင်တော်ရှိ အက်ကွဲပျက်စီးလျက်ရှိသည့် ကြွေပြားများအား ပြန်လည်ပြုပြင်လဲလှယ်သွားရန်နှင့် ရင်ပြင်တော်အား အမြဲသန့်ရှင်းနေစေရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။




ထားဝယ်မြို့ရှိ ရွှေတောင်စားစေတီတော်မြတ်ကြီးအား တွေ့ရစဉ်။

### သက်တော်ရှည် ဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများအား သွားရောက်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်သမ္မတသည် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် သက်တော်(၁၀၄)နှစ် ဝါတော်(၈၄)ဝါတော်ရှိ သက်တော်ရှည် ဆရာတော်ကြီး ဖြစ်သော ထားဝယ်မြို့ ဇေယျဝတီစာသင်တိုက် ပဓာန နာယက ဂဏဝိမုတ်ကူးတို့ ဂိုဏ်းချုပ်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အရိန္ဒမအား ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများကို သွားရောက်ကြည့်ရှုသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတသည် ဆရာတော်ကြီး၏ ကျန်းမာရေး အခြေအနေများနှင့် ပတ်သက်၍ အမြဲမပြတ်စောင့်ကြည့်ပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားကာ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုပြီး ဆေးရုံအဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားကာ ဆေးရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေတောင်စားစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း ရှေးဟောင်းသမိုင်းဝင် ရဟန္တာ သိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်စဉ်။





---

❂ စာမျက်နှာ ၂၄ မှ

ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊ လေ)ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စိန်ပန်းခန်းမ(၂)၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲအားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ အသင်းလိုက် ခတပြိုင်ပွဲ ဗိုလ်လုပွဲ၊ လူသစ်တန်း အနတ် ၆၇ ကီလိုအောက် ကုမိတဲ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် အကြိုးတန်း အနတ် ၆၀ ကီလိုအောက် ကုမိတဲ့ ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ကီလိုတန်းအလိုက် လူသစ်တန်း၊ အကြိုးတန်း ခတပြိုင်ပွဲများနှင့် ကုမိတဲ့ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ၊ အကောင်းဆုံးကစားသမားဆုရရှိသူများနှင့် လူသစ်တန်းပြိုင်ပွဲတွင် ရွှေသုံးခု၊ ကြေးတစ်ခုဖြင့် လူသစ်တန်းဒိုင်း ရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ အကြိုးတန်းပြိုင်ပွဲတွင် ရွှေလေးခု၊ ကြေးနှစ်ခုဖြင့် အကြိုးတန်းဒိုင်း ရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုများနှင့် ဒိုင်းဆုများအား ချီးမြှင့်ကြပြီး တံခွန်စိုက်ဒိုင်းဆုကို ရွှေခုနစ်ခု၊ ကြေးသုံးခုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း တို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းနှင့် ငွေသားဆုများ ချီးမြှင့် ပေးအပ်သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ စံပယ်(၆)အားကစားရုံ၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်းတပ်မတော်(ကြည်း၊ ရေ၊ လေ)ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် ကျင်းပရာ ပြိုင်ပွဲတွင်(၄)ပေါက်တန်းပြိုင်ပွဲ၊ အခြေခံအထိ(၆)ချက်ပြိုင်ပွဲများကို အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(၃၃)ကြိမ်မြောက်တပ်မတော်(ကြည်း၊ ရေ၊ လေ)တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(A)၌ အဆင့်အလိုက် ဘင်တန်ဝိတ်တန်း၊ လိုင်ဝိတ်တန်း၊ မစ်ဒယ်ဝိတ်တန်း ဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်းတပ်မတော်(ကြည်း၊ ရေ၊ လေ)အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(B)၌ အမျိုးသား/အမျိုးသမီးအကြိုဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း(၃၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ အမျိုးသားဗန်တိုအတိုက်(က)တန်း၊ အမျိုးသားဗန်တိုအတိုက်(ခ)တန်း ဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသားပန်ကြပ်ဆီလပ်အတိုက်(ခ)တန်းဗိုလ်လုပွဲစဉ်များ၊ အမျိုးသမီးပန်ကြပ်ဆီလပ်အတိုက် ဗိုလ်လုပွဲစဉ်များ၊ အမျိုးသားဓားတစ်လက်အတိုက်(က)တန်း ဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသားဓားတစ်လက် အတိုက်(ခ)တန်းဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားနှစ်လက်အတိုက်(က)တန်း ဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသားဓားနှစ်လက်အတိုက်(ခ)တန်းဗိုလ်လုပွဲစဉ်များ၊ ခွဲမှူး ဆရာအဆင့် လှံရှည်ပညာစဉ်စွမ်း ရည်ပြပြိုင်ပွဲနှင့် တပ်မတော်လက်ရေးစွမ်းရည်ပြ ပြိုင်ပွဲများကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

သတင်းစဉ်

၀-၀-၀-၀-၀

၀-၀-၀

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

## ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာရေးကို စောင့်ရှောက်ခြင်းသည် မိသားစုတစ်စု၏ အနာဂတ်ကို စောင့်ရှောက်ခြင်းဖြစ်




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၂

ကျန်းမာရေး ဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန် (သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာစိုးဝင်း၊ ဒေါက်တာသက်သက်ဇင်၊ ဦးမင်းနောင်၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးမျိုးသန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အငြိမ်းစား ကျန်းမာရေးဝန်ကြီးများ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆေးကောင်စီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်း ဆရာဝန်(သစ်လွင်)များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနား ကျင်းပပြုလုပ်မည့် မြန်မာကွန်ဗင်းရှင်း စင်တာသို့ ရောက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းမောင်မယ်များက "ကျန်းမာစေသောလက်" တေးသရုပ်ဖော် သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့သည် ကျန်းမာရေးဝန်ကြီးဌာနအတွက် အားသစ်လောင်းပေးသည့်နေ့ ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူများအတွက်လည်း မင်္ဂလာရှိသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ မောင်တို့မယ်တို့ အနေဖြင့် ပညာသင်ကြားမှုအဆင့် တစ်ခုပြီးဆုံးပြီး ဆည်းပူးလေ့လာခဲ့သည့် ပညာရပ်များကို ပြည်သူ့အကျိုးအတွက် လက်တွေ့အသုံးချမည့် ဆရာဝန်ဘဝ၊ နိုင်ငံ့ဝန်ထမ်းဘဝကို တရားဝင်စတင်သည့် အရေးကြီးသည့် မှတ်တိုင်တစ်ခုလည်းဖြစ်ကြောင်း။

ယနေ့ မောင်တို့မယ်တို့ လက်ခံရရှိမည့် ခန့်အပ်လွှာသည် အလုပ်တစ်ခုရရှိကြောင်း အတည်ပြုသည့် စာရွက်စာတမ်းတစ်ခုသာမဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူလူထုက မိမိတို့အပေါ် ယုံကြည်အပ်နှံလိုက်သော တာဝန်ကို ကိုယ်စားပြုသည့် အမှတ်အသားတစ်ခုလည်းဖြစ်ကြောင်း၊ အဆိုပါ ယုံကြည်မှုကို တန်ဖိုးထားပြီး မိမိတို့၏ ပညာ၊ အချိန်၊ အင်အားနှင့်စေတနာတို့ကို ပြည်သူ့ကျန်းမာရေးအတွက်အကောင်းဆုံး အသုံးချကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့ နေနိုင်ရေးအတွက် **"လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ"** ဆိုသည့်မူဝါဒနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမို



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆေးတက္ကသိုလ်များအလိုက် ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိ ခန့်အပ်လွှာများ ပေးအပ်စဉ်။

ကရေစီ နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ခြင်းကြောင့် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို စဉ်ဆက်မပြတ် အလေးထားကြပ်မတ်ဆောင်ရွက်ပေးနေကြောင်း။

ထို့အပြင် **"ဆေးရုံရှိလျှင်၊ ဆရာဝန်ရှိရမည်"** ဆိုသည့် အဓိကရည်မှန်းချက်ကို ပြည့်ဝစေရေး အလေးထားပြီး မြို့ပြနှင့် ကျေးလက်မကျန်၊ ဆင်းရဲချမ်းသာမရွေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေး စောင့်ရှောက်မှုကို ရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိ မြန်မာပြည်သူလူထု၏ မျှော်မှန်းသက်တမ်းသည် ၆၉ နှစ်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် မျှော်မှန်းသက်တမ်းကို နှစ် ၇၀ ကျော် တိုးမြှင့်လာစေရန် ရည်မှန်းပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အားသွန်ခွန်စိုက် ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရ၏ ကျန်းမာရေး အသုံးစရိတ်သည် ၂၀၀၀ ပြည့်နှစ်တွင် စုစုပေါင်း အစိုးရအသုံးစရိတ်၏ ၁ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရှိခဲ့သော်လည်း ယခု ၂၀၂၆ - ၂၀၂၇ ခုနှစ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်း၊ ကျပ်သန်း ၁၃၉၁ ဘီလီယံကျော် အထိ တိုးမြှင့်ပေးထားပြီး ကျန်းမာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်ရန်ပုံငွေများကို နှစ်စဉ်တိုးမြှင့်ချထားပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ကျန်းမာရေး စောင့်ရှောက်မှု ယန္တရားကြီးတစ်ခုလုံး ပြည့်စုံကောင်းမွန်ရန်အတွက် ကျွမ်းကျင်သည့် ကျန်းမာရေးလူ့စွမ်းအား

စာမျက်နှာ ၇ သို့ ☆

❖ **မောင်တို့မယ်တို့အနေဖြင့် ပညာသင်ကြားမှုအဆင့် တစ်ခုပြီးဆုံးပြီး ဆည်းပူးလေ့လာခဲ့သည့်ပညာရပ်များကို ပြည်သူ့အကျိုးအတွက် လက်တွေ့အသုံးချမည့် ဆရာဝန်ဘဝ၊ နိုင်ငံ့ဝန်ထမ်းဘဝကို တရားဝင်စတင်သည့် အရေးကြီးသည့် မှတ်တိုင်တစ်ခုလည်းဖြစ်**

❖ **ယနေ့ မောင်တို့မယ်တို့ လက်ခံရရှိမည့် ခန့်အပ်လွှာသည် အလုပ်တစ်ခုရရှိကြောင်း အတည်ပြုသည့် စာရွက်စာတမ်းတစ်ခုသာမဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူလူထုက မိမိတို့အပေါ် ယုံကြည်အပ်နှံလိုက်သောတာဝန်ကို ကိုယ်စားပြုသည့် အမှတ်အသားတစ်ခုလည်းဖြစ်**

❖ **အဆိုပါ ယုံကြည်မှုကိုတန်ဖိုးထားပြီး မိမိတို့၏ ပညာ၊ အချိန်၊ အင်အားနှင့်စေတနာတို့ကို ပြည်သူ့ကျန်းမာရေးအတွက် အကောင်းဆုံး အသုံးချ**

☆ စာမျက်နှာ ၆ မှ

အရင်းအမြစ်များ ပြည့်ဝနေရန် အလွန် အရေးကြီးကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေးတွင် ပြည်သူလူထုအားလုံး လက်လှမ်းမီသည့် ကျန်းမာရေး စောင့်ရှောက်မှု ရရှိနိုင်ရန်အတွက် ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်များ လုံလောက်အောင် တိုးမြှင့်လေ့ကျင့် မွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ၂၀၂၃ ခုနှစ်တွင် Naypyitaw State Academy ၌ ဆေးသိပ္ပံပညာ မဟာဌာန (Faculty of Medicine) ကို ထပ်မံဖွင့်လှစ် ပေးနိုင်ခဲ့သဖြင့် ယခုအခါ ဆေးတက္ကသိုလ်ခြောက်ခုနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ် ၁၁ ခု စုစုပေါင်းတက္ကသိုလ် ၁၇ ခု ရှိလာပြီ ဖြစ်ကြောင်း။

ထို့အပြင် ဆေးပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းများကိုလည်း နိုင်ငံတကာအဆင့်မီ အဖြစ် မျှော်မှန်းရလဒ် အခြေခံသည့် စုစည်းချိတ်ဆက် သင်ကြားခြင်းစနစ်ကို ပြောင်းလဲသင်ကြားလျက်ရှိပြီး ကျန်းမာရေးပညာရှင်များ အကြား ယှဉ်တွဲလေ့လာသင်ယူမှု (Interprofessional Education) နှင့် လက်တွေ့ပူးပေါင်း ဆောင်ရွက်တတ်စေရေးတို့ကိုပါ ထည့်သွင်းသင်ကြားပေးလျက် ရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများတွင် လိုအပ်သည့် ကျန်းမာရေး ဝန်ထမ်းများ ပြည့်စုံမှုရှိစေရေးအတွက် လူသားအရင်းအမြစ်များကို နှစ်စဉ်စီမံချက်ဖြင့် လေ့ကျင့်မွေးထုတ်ပေး လျက်ရှိကြောင်း၊ နောင်လာမည့် ၅ နှစ်၊ ၁၀ နှစ်နှင့် ၁၅ နှစ်အတွက် ရည်မှန်းချက်ထားပြီး ရေတို၊ ရေရှည်စီမံချက်များကိုလည်း ရေးဆွဲစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေး ဝန်ထမ်းများ၏ နေထိုင်စားသောက်မှု၊ အုပ်ချုပ်မှု၊ အဆောက်အအုံနှင့် လိုအပ်သည့် ထောက်ပံ့ကြေးများကိုလည်း နိုင်ငံတော်အစိုးရက ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်သည် ကျန်းမာရေး စောင့်ရှောက်မှုစနစ်၏ အရေးကြီးသည့် အခြေခံအင်အားတစ်ရပ်ဖြစ်ကြောင်း၊ အလုပ်သင်ဆရာဝန်ကာလ အောင်မြင်ပြီးမြောက်ပြီးနောက် ပြည်သူလူထု ကျန်းမာရေး စောင့်ရှောက်မှုကို တစ်တပ်တစ်အား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန၌ ယခုကဲ့သို့ အလုပ်ဝင်ရောက်လာကြသည်ကို အထူးဝမ်းမြောက်မိကြောင်း၊ နိုင်ငံတော်ကလည်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြောင်း၊ ပြည်သူ့ဆေးရုံများတွင် အများပြည်သူ လူနာများအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ဆရာဝန်လစ်လပ်နေရာများ မြန်မြန်ဆန်ဆန် ပြန်လည်ဖြည့်တင်းနိုင်ရေးအတွက် အလုပ်သင်ဆရာဝန်ကာလ ပြီးမြောက်ခဲ့သည့် မောင်တို့မယ်တို့ကို တိုက်ရိုက်ခန့်အပ်နိုင်ရန် စီမံဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

၂၀၂၅ ခုနှစ် ဇူလိုင်လတွင်လည်း သစ်လွင်ဆရာဝန် ၁၂၇၆ ဦးနှင့် သစ်လွင် သွားနှင့်ခံတွင်း ဆရာဝန် ၂၃ဦးတို့ကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး ယခုအခါ အဆိုပါဆရာဝန်များသည် တာဝန်ကျရာဒေသများတွင် နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပြီး ဆေးပညာဘွဲ့လွန် သင်တန်းများ ဝင်ခွင့်ဖြေဆိုရန် ပြင်ဆင်နေကြပြီဟု သိရှိရကြောင်း။

ထိုသို့ကျန်းမာရေး လူ့စွမ်းအားစုများကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် အတူ အရေးအတွက်သာမက အရည်အချင်းနှင့် အဘက်ဘက်မှ ပြည့်စုံသည့် ဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများ ဖြစ်လာအောင်လည်း ကြိုးစားကြရန် တိုက်တွန်း မှာကြားလိုကြောင်း၊ နိုင်ငံတော် အနေဖြင့်လည်း ကျန်းမာရေး လူ့စွမ်းအားစုများကို သမားဂုဏ်နှင့်အညီ ဆေးပညာ ကျင့်ဝတ်များဖြင့် ပြည်သူလူထုကို ဦးထိပ်ထားပြီး ကျန်းမာရေး ဝန်ဆောင်မှုများ ပေးနိုင်ရန် စဉ်ဆက်မပြတ် မွေးထုတ်လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း။

ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်ပြီးဖြစ်သည့် မောင်တို့မယ်တို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အလျောက် သက်ဆိုင်ရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အသီးသီးတို့တွင်လည်း လုပ်ငန်းခွင်အတွက် လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာနှင့် ခေါင်းဆောင်မှုဆိုင်ရာ ပညာရပ်များကို ဆက်လက်သင်ကြားလေ့လာသွားနိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ လေ့လာသင်ယူရာတွင် ဖွဲ့ရှိမှု၊ ခံနိုင်ရည်ရှိမှု၊ ကြံ့ခိုင်မှု၊ သည်းခံမှုနှင့် စည်းကမ်းသေဝပ်မှု စသည့် အရည်အချင်းကောင်းများကိုလည်း မွေးမြူသွားနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်လာပြီဖြစ်သည့်အတွက် မိမိ၏ပညာရပ်ဆိုင်ရာကျင့်ဝတ်ကို ထိန်းသိမ်းခြင်းနှင့်အတူ ရိုးသားမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ စည်းကမ်းရှိမှုနှင့် အများပြည်သူအပေါ် လေးစားမှုတို့ကို အမြဲတမ်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိ၏ လုပ်ဆောင်ချက်တစ်ခုချင်းစီသည် မိမိကိုယ်တိုင်၏ ဂုဏ်သိက္ခာသာမက ကျန်းမာရေး ဝန်ကြီးဌာန၏ ဂုဏ်သိက္ခာနှင့်လည်း ဆက်စပ်နေသည်ကို အမြဲသတိပြုကြရန် လိုကြောင်း၊ ထို့အပြင် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ ကျင့်ဝတ်များ၊ လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာနိုင်ရန် တာဝန်ထမ်းဆောင်ရမည့် ဆေးရုံများတွင် သင်တန်းပို့ချပေးရန်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ စီစဉ်ထားပြီးဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

မောင်တို့ မယ်တို့အနေဖြင့် မိမိတို့၏ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုကို အစဉ်အမြဲမြှင့်တင်နေကြရန်လိုကြောင်း၊ လူနာများကို ကုသမှုပေးရာတွင် စေတနာ၊ ကရုဏာရှေ့ထားပြီး မိမိတို့၏ မိဘ၊ မောင်နှမ၊ ဆွေမျိုးသားချင်းများ သဖွယ် မိသားစုစိတ်ဓာတ်ဖြင့် ကုသမှုများ ပေးကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဆေးဘက်ဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာထိန်းသိမ်းပြီး လူနာကို နားထောင်ပေးခြင်း၊ လူနာနှင့် မိသားစုကို ရှင်းလင်းစွာရှင်းပြခြင်း၊ လူနာ၏ ကိုယ်ရေး အချက်အလက်နှင့် လျှို့ဝှက်ချက်ကို ထိန်းသိမ်းခြင်းနှင့် လူနာ၏ ဂုဏ်သိက္ခာကို လေးစားခြင်းတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **မိမိတို့ Professional ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်သည့်၊ နိုင်ငံတော်မှ အားကိုးရသည့်၊ တာဝန်ယူမှုရှိသည့် လူနာဗဟိုပြု ဆရာဝန်ကောင်းများ ဖြစ်အောင် ကြိုးစားကြရန် လမ်းညွှန်မှာကြားလိုကြောင်း။**

**❖ မောင်တို့ မယ်တို့အနေဖြင့် မိမိတို့၏ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုကို အစဉ်အမြဲ မြှင့်တင်နေကြရန်လို**

**❖ လူနာများကို ကုသမှုပေးရာတွင် စေတနာ၊ ကရုဏာရှေ့ထားပြီး မိမိတို့၏ မိဘ၊ မောင်နှမ၊ ဆွေမျိုးသားချင်းများ သဖွယ် မိသားစုစိတ်ဓာတ်ဖြင့် ကုသမှုများပေးကြရမည်**

ဆေး ပညာရပ်များသည် အမြဲတမ်း တိုးတက်ပြောင်းလဲနေသည် ဖြစ်သည့်အတွက် ယနေ့သိထားသည့် အသိပညာသည် မနက်ဖြန်တွင် ထပ်မံတိုးတက်ပြောင်းလဲဆန်းသစ် နေနိုင်ကြောင်း၊ ထို့ကြောင့် ဆေးပညာရှင်ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် သင်ယူလေ့လာကြရန် လိုအပ်ကြောင်း၊ ဘဝအတွက်၊ အသိပညာ ဗဟုသုတအတွက် စာဖတ်ခြင်းကို အမြဲမပြတ်ပြုလုပ်ရန်၊ အတွေ့အကြုံရှိသည့် ဆရာကြီး ဆရာမကြီးများထံမှ သင်ယူလေ့လာကြရန်၊ မိမိတို့၏ လုပ်ဆောင်မှုများကို အမြဲပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်သည့် ကုသမှုမျိုးပေးနိုင်အောင် ကြိုးစားကြရန်၊ သုတေသနပြုလုပ်ပြီး ဆန်းသစ်တီထွင်ကြရန်၊ ကုသရေးတွင် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ မောင်တို့မယ်တို့၏ ပညာရည် အဆင့်မြင့်မားလာစေရေးအတွက် မဟာဘွဲ့များ၊ ပါရဂူဘွဲ့များရရှိအောင်၊ အထူးကုများ၊ ပါမောက္ခကြီးများ ဖြစ်အောင် ဆက်လက်ကြိုးစား အားထုတ်သွားကြရန်လည်း အားပေးပြောကြားလိုကြောင်း။

ယခုခေတ်တွင် ဉာဏ်ရည်တုနည်းပညာအသုံးပြု ဆေးကုသမှုများ၊ ဒီဂျစ်တယ်ကျန်းမာရေး၊ အွန်လိုင်းမှတစ်ဆင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း စသည့် ခေတ်မီတိုးတက်သည့် ဆေးဘက်ဆိုင်ရာ နည်းပညာများကိုလည်း လေ့လာကြရန် မှာကြားလိုကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာန အနေဖြင့် နိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှု အဆင့်အတန်း တိုးတက် မြင့်မားလာစေရန်နှင့် ပြည်သူတစ်ရပ်လုံး သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေး၊ ရောဂါဘယ ကင်းဝေးစေရေး အတွက် ဦးတည်ချက်ထားပြီး နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် အဆိုပါ ရည်ရွယ်ချက်များ အောင်မြင်စေရန် အလွန်အရေးပါသည့် အခမ်းအနား တစ်ခုဖြစ်ကြောင်း၊ ယနေ့ မောင်တို့မယ်တို့ လက်ခံရရှိသည့် ခန့်အပ်လွှာသည် တာဝန်စတင်ခြင်းကိုသာ မဆိုလိုဘဲ နိုင်ငံတော်နှင့် ပြည်သူလူထု၏ ယုံကြည်အပ်နှံမှုကို လက်ခံရရှိခြင်းလည်း ဖြစ်ကြောင်း၊ ယင်းယုံကြည်မှုကို တန်ဖိုးထားပြီး မိမိတို့၏ ပညာ၊ အချိန်၊ အင်အားနှင့် စေတနာတို့ကို ပြည်သူ့ ကျန်းမာရေးအတွက် အကောင်းဆုံး အသုံးချကြရန်၊ ရှေ့ဆက်မည့် ဆရာဝန်ဘဝတွင် ပညာရပ်နှင့်ကျင့်ဝတ်ကို အခြေခံပြီး လူနာကို ဦးထိပ်ထားကြရန်၊ မိမိတာဝန်ကျရာ ဒေသကို တန်ဖိုးထားကြရန်၊ လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန် မှာကြားလိုကြောင်း။

**ပြည်သူ တစ်ဦးချင်းစီ၏ ကျန်းမာရေးကို စောင့်ရှောက်ခြင်းသည် မိသားစုတစ်စု၏ အနာဂတ်ကို စောင့်ရှောက်ခြင်းလည်းဖြစ်**ကြောင်း၊ ထို့ကြောင့် မိမိတို့၏ ပညာနှင့် စေတနာကို ပြည်သူ့အကျိုးအတွက် အကောင်းဆုံး အသုံးချကြရန်၊ နိုင်ငံတော်မှ အားထားရသည့် ဆရာဝန်ကောင်းများ၊ ပြည်သူမှ ယုံကြည်အားကိုးရသည့် ကျန်းမာရေး ပညာရှင်များ ဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဆေးတက္ကသိုလ်များအလိုက်မှ ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိ ခန့်လွှာများပေးအပ်ရာ တက္ကသိုလ်တစ်ခုချင်းစီအလိုက် ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် ဆရာဝန်(သစ်လွင်) ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ကျန်းမာရေးဝန်ကြီးဌာန၏ လူတိုင်းသက်ရှည်ကျန်းမာစွာ နေထိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေး လုပ်ငန်းရည်မှန်းချက်အပေါ် လုပ်ငန်းဆောင်ရွက်ချက်များမှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက်ဆေးတက္ကသိုလ်-၁ (ရန်ကုန်)မှကျောင်းသားကျောင်းသူများက "သွေးချင်းတို့ရဲ့မြေ" သီချင်းဖြင့်တေးသရုပ်ဖော်ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆေးတက္ကသိုလ်များအလိုက် ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိ ခန့်အပ်လွှာများ ပေးအပ်စဉ်။



ဆေးတက္ကသိုလ်-၁ (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက "သွေးချင်းတို့ရဲ့မြေ" သီချင်းဖြင့် တေးသရုပ်ဖော် ဂုဏ်ပြုဖျော်ဖြေ တင်ဆက်ကြစဉ်။

# အာဆီယံငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဖြေလျှော့ပေးရေး သဘောတူညီချက်အသက်ဝင်ရေးအတွက် အတည်ပြုစာချွန်လွှာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ပေးပို့နိုင်ရေး ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၂

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၃၅ ဦး တက်ရောက်သဖြင့် ၉၅ ဒသမ ၅၄ ရာခိုင်နှုန်း ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ် တာဝန်ပေးပြီးဖြစ်သော ဒေါက်တာ မျိုးဝင်းအောင်နှင့် ဦးစောမျိုးမျိုးတို့က ကတိသစ္စာပြုကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရာထူးနေရာတွင် အစားထိုးခန့်အပ်တာဝန်ပေးလိုသော ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရာထူးနေရာတွင် ခန့်အပ်တာဝန်ပေးလိုသော ဒေါက်တာ ကိုကိုလွင်တို့အား ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိပါက ပြည်ထောင်စုလွှတ်တော် အစည်းအဝေးပဉ္စမနေ့တွင် သဘောတူကြောင်း ကြေညာမည်ဖြစ်ပြီး ကန့်ကွက်လိုသူရှိပါက သတ်မှတ်ထားသည့် အရည်အချင်းနှင့် မပြည့်စုံကြောင်း ခိုင်လုံသော သက်သေ အထောက်အထားဖြင့် ပြည်ထောင်စု လွှတ်တော်ရုံးသို့ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းဖြင့် ရှင်းလင်းတည်ငြိမ်သော စည်းမျဉ်းစနစ်များဖြင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် အရေးပါသည့် ဥပဒေရေးရာ အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပြီး နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မတို့အရ ညီညွတ်ကိုက်ညီပြီး မိမိတို့နိုင်ငံအတွက် အပြုသဘောဆောင်သော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်သည့် စာချုပ်တစ်ရပ်ဖြစ်ခြင်းကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံ အစိုးရတို့အကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် ဝင်ငွေအပေါ်အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်တိမ်းရှောင်မှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်အား အတည်ပြုပေးနိုင်ရေး ထောက်ခံပါကြောင်း ဆွေးနွေးသည်။

သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဟေသားကြီးက ယခုချုပ်ဆိုသည့် စာချုပ်သည် နှစ်နိုင်ငံကြား အခွန်နှစ်ထပ်ကျသင့်မှု ရှောင်ရှားရေးနှင့် အခွန်တိမ်းရှောင်မှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်သည် အခွန်နှစ်ထပ်ကျသင့်မှုကို လျှော့ချနိုင်ခြင်း၊ အားပေးနိုင်ခြင်း၊ အခွန်ရှောင်တိမ်းမှုများနှင့် နိုင်ငံဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာ တားဆီးနိုင်ခြင်း၊ နှစ်နိုင်ငံကြား အခွန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ခြင်း၊ နှစ်နိုင်ငံ စီးပွားရေးကို ပိုမိုခိုင်မာစေခြင်း စသည့် အကျိုးကျေးဇူးကိုရမည်ဖြစ်ကြောင်း၊ အဆိုပါစာချုပ်သည် မြန်မာနိုင်ငံအတွက် စီးပွားရေး အကျိုးစီးပွား၊ အခွန်ထမ်းပြည်သူများ၏ အကျိုးစီးပွားနှင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာရေးအကျိုးစီးပွားတို့အတွက် များစွာအကျိုးရှိသည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၆) ဦးအေးပိုင် က အခွန်နှစ်ထပ် ပေးဆောင်ရခြင်း သက်သာခွင့်ရရှိပါက ရရှိနိုင်သော အကျိုးကျေးဇူးများမှာ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်လုပ်ကိုင်လာနိုင်ခြင်း၊ နှစ်နိုင်ငံယုံကြည်မှု ပိုမိုတည်ဆောက် လာနိုင်ခြင်း၊ ကုန်သွယ်ရေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံပိုမိုဖွံ့ဖြိုးလာခြင်း၊ အခွန်ရှောင်မှုနှင့် တရားမဝင်ငွေလွှဲပြောင်းမှုများမှ တားဆီးနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ခြင်းတို့ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံ အစိုးရကြား ဝင်ငွေခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုများမှ ကာကွယ်ခြင်း သဘောတူစာချုပ်ကို မိမိတို့မြန်မာနိုင်ငံက လက်မှတ်ရေးထိုးမှုကို ကြိုဆိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၁) ဦးဖေသန့်ဇော်နှင့် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး(ခ) ဦးတင်ဦးတို့က ဆွေးနွေးကြသည်။

အဆိုပါ သဘောတူစာချုပ်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းအစီအစဉ်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးပဉ္စမနေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နဝမအကြော့ အာဆီယံ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက် အသက်ဝင်ရေးအတွက် အတည်ပြုစာချွန်လွှာအား အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မလှိုင်မဲဆန္ဒနယ်မှ **ဦးအောင်ကျော်သူ**က အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ASEAN အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခြင်းအားဖြင့် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်း ကဏ္ဍတွင်လည်းကောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍနှင့် အခြားသောငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍအောက်ရှိ ကဏ္ဍခွဲများတွင်လည်းကောင်း ဖြေလျှော့ပေးမှုများရရှိခြင်းမှတစ်ဆင့် နိုင်ငံတွင်းသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရေးကို အထောက်အကူဖြစ်စေပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အကျိုးရှိနိုင်သဖြင့် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသော နဝမအကြော့ အာဆီယံငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက် အသက်ဝင်နိုင်ရေးအတွက် ပြည်တွင်းအတည်ပြုရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီးစီးကြောင်း အတည်ပြုစာချွန်လွှာအား ပြင်ဆင်ပေးပို့နိုင်ရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန် တိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၆) ဦးအေးပိုင်**က မိမိနိုင်ငံအနေဖြင့် အချိန်မီ သံတမန်နည်းလမ်းအတိုင်း "စာချွန်လွှာ" ပေးပို့ထားခဲ့ပါက အာဆီယံနိုင်ငံများ၏ ငွေကြေးဝန်ဆောင်မှုတွင် ဖြေလျှော့ပေးမည့် သက်သာခွင့်ကိုလည်း ရရှိမည်ဖြစ်ပြီး အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ တုံ့ပြန်မှုအခွင့်အရေးများ မဆုံးရှုံးနိုင်ခြင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ယုံကြည်ကိုးစားမှုကို ရယူစေနိုင်ခြင်း စသည်ဖြင့် မိမိနိုင်ငံ ရခွင့်ရှိသည့်အခွင့်အရေးများကို ရရှိစေမည်ဖြစ်ပါကြောင်း၊ အကယ်၍ မိမိနိုင်ငံအနေဖြင့် "စာချွန်လွှာ"ကို သံတမန်နည်းလမ်းအဖြစ် အချိန်မီ ပေးပို့ထားခြင်းမရှိခဲ့ပါက အဆိုပါကိစ္စသည် စာရွက်ထဲ၌သာရှိနေပြီး လက်တွေ့တွင် အာဏာသက်ရောက်မှု မရှိနိုင်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

မိမိနိုင်ငံအနေဖြင့် အာဆီယံ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဖြေလျှော့ပေးရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါ၍ အဆိုပါစာချုပ် အသက်ဝင်စေရန် အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ အတည်ပြု "စာချွန်လွှာ"ကို သံတမန်နည်းလမ်းဖြင့် အမြန်ဆုံး ပေးပို့ထားသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၁၀) ဦးကျော်ကျော်လတ်**က အဆိုပါစာချွန်လွှာအား လက်မှတ်ရေးထိုးခြင်းဖြင့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်စေပြီး နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးတွင် စီးပွားရေးကုန်ကျစရိတ်များ လျှော့ချနိုင်ပါကြောင်း၊ ဒေသတွင်းဘဏ်များနှင့် အာမခံကုမ္ပဏီများအကြား ယှဉ်ပြိုင်မှုအားကောင်းလာသဖြင့် Digital Banking Fintech ဝန်ဆောင်မှုများနှင့် သက်သာသော ဝန်ဆောင်ခများ ခံစားခွင့် ရရှိစေပါကြောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) အနေဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ပိုမိုလွယ်ကူစွာရယူနိုင်ပြီး ကုန်ကျစရိတ် သက်သာသော အာမခံအကာအကွယ်များ ရရှိစေပါကြောင်း၊ ပူးပေါင်းစောင့်ကြည့်ရေးနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကြောင့်ငွေရေးကြေးရေးကပ်ဘေးနှင့် အကျပ်အတည်းများကို စုပေါင်းတွန်းလှန်နိုင်မည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နဝမအကြော့ အာဆီယံ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက်သည် အာဆီယံဒေသတွင်း ငွေရေးကြေးရေးဈေးကွက်များ ခိုင်မာစွာပေါင်းစည်းရေး၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအတွက် ဘဏ္ဍာရေးဆိုင်ရာ အခွင့်အလမ်းများ ပိုမိုပွင့်လန်းလာစေရေးတို့အတွက် အရေးပါသော သဘောတူညီချက်ဖြစ်သဖြင့် အဆိုပါသဘောတူညီချက် အမြန်ဆုံးအသက်ဝင်အကောင်အထည်ဖော်နိုင်ရေး အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်တို့က ထောက်ခံဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း အစီအစဉ်ကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ပဉ္စမနေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍** အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်း နှစ်ပတ်လည် အစီရင်ခံစာတွင်ပါရှိသည့်ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၊ စီးပွားရေးဖွဲ့စည်းမှုပုံသဏ္ဍာန်၊ ရင်းနှီးမြှုပ်နှံမှုနှင့်အခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်း၊ ကုန်သွယ်မှုကဏ္ဍ၌ ပို့ကုန်တင်ပို့နိုင်မှု၊ အဓိကကုန်သွယ်ဖက်နိုင်ငံများ၊ ပို့ကုန်တွင် ထပ်ဆင့်တိုးတန်ဖိုး ကုန်ပစ္စည်းများ၏ပါဝင်မှုအခြေအနေ၊ ကုန်ပစ္စည်းအုပ်စုအလိုက် သွင်းကုန်အခြေအနေ၊ မြန်မာနိုင်ငံသို့ လာရောက်သည့်

စာမျက်နှာ ၉ သို့ ✦

✦ စာမျက်နှာ ၈ မှ

နိုင်ငံခြားသားခရီးသည်နှင့် သုံးစွဲခဲ့သည့် နိုင်ငံခြားငွေ၊ လျှပ်စစ်ဓာတ်အား တပ်ဆင်အင်အားနှင့် အရင်းအမြစ်အလိုက် ပါဝင်မှု၊ လျှပ်စစ်ဓာတ်အား သုံးစွဲမှု၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်နိုင်မှုအခြေအနေ၊ ကမ္ဘာ့စီးပွားရေးအခြေအနေနှင့် အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေအနေ၊ အမျိုးသားစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုအနေဖြင့် ကဏ္ဍအလိုက် တိုးတက်မှုနှုန်း ရည်မှန်းချက်နှင့် ဧပြီလမှ မတ်လကုန် (ယာယီ)ထိ အကောင်အထည်ဖော်နိုင်မှု အခြေအနေ၊ ဝန်ကြီးဌာနအလိုက် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ၊ ဒေသန္တရစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် တိုးတက်မှုနှုန်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ၊ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်ပအကူအညီအထောက်အပံ့၊ နည်းပညာအကူအညီနှင့် ချေးငွေရရှိမှုအခြေအနေတို့ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ထို့ပြင် ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ အခြေခံပညာကဏ္ဍ၌ လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်နိုင်ရန်အတွက် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရန်နှင့် သင်ယူမှုအခွင့်အလမ်း မြင့်မားစေရန် ဆောင်ရွက်လျက်ရှိမှု၊ ကျောင်းဆောင်အသစ်များ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ဥပမိရပ်မကောင်းသည့်ကျောင်းနှင့် အဆောင်များပြင်ဆင်ခြင်းနှင့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ နှစ်စဉ်တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့မှု၊ အခြေခံပညာ ကဏ္ဍအတွက် လိုအပ်လျက်ရှိသော ဆရာအရေအတွက်ရရှိရေးနှင့် ဆရာများ၏ အရည်အသွေး မြင့်မားရေးအတွက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းနှင့် ကျောင်းများအတွက် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးမှု၊ ကျန်းမာရေးကဏ္ဍနှင့်စပ်လျဉ်း၍ မြို့ပြနှင့် ကျေးလက်ဒေသများ၌ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ဆေးရုံအခြေပြုကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွင်း ကွင်းဆင်းကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်နှင့် ကျန်းမာရေးအသိပညာ မြှင့်တင်ပေးရန်၊ မကူးစက်နိုင်သောရောဂါများ စောစီးစွာရှာဖွေကုသမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊ အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုများ ဆောင်ရွက်ပေးရန်တို့အတွက် ဆေးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ သင်တန်းကျောင်းများမှ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၁/၂၀၂၆)ကို ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဦးတေဇကျော်က လွှတ်တော်သို့ အစီရင်ခံစာအား ရှင်းလင်းဖတ်ကြား တင်ပြပြီး ပြည်ထောင်စု လွှတ်တော်က ဆွေးနွေး စဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါ နှစ်ပတ်လည် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

# ၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့တွင် ကျောက်မျက်အတွဲ ၇၀ ရောင်းချနိုင်ခဲ့



**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ပြပွဲတွင် ကျောက်မျက်အတွဲပေါင်း ၁၆၀ ၏ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက စစ်ဆေးကာ ကျောက်မျက်အတွဲပေါင်း ၇၀ ရောင်းချခဲ့ရကြောင်း ကြေညာပေးသည်။

ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ ကျောက်ခင်းကွင်းနေရာအလိုက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုနှင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်း အတွဲများအတွက် ဈေးနှုန်း ပေးသွင်းလွှာများအား တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲဆဋ္ဌမနေ့တွင် အုပ်စု(အေ)နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများအနက် အတွဲအမှတ်(၁)မှ (၅၅၀) အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ရာ အဆိုပါ ကျောက်စိမ်းအတွဲများ အတွက် ရောင်းချရသည့် အတွဲများကို အောက်တိုဘာ ၁၃ ရက်တွင် ကြေညာပေးသွားမည် ဖြစ်သည်။

ပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၃၀၇၃ တွဲကို ကျောက်ရည်ကျောက်သွေး ကောင်းမွန်မှု၊ ပြည်တွင်း၊ ပြည်ပ ဈေးကွက်ဝင်မှုစသည့်အခြေအနေများအရ အုပ်စု (အေ၊ ဘီ)နှင့် MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန်အတွက် အုပ်စု(စီ)ဟူ၍ အုပ်စုသုံးစု ခွဲခြားထားခြင်းဖြစ်ပြီး အုပ်စု(အေ)နှင့်(ဘီ) ကျောက်စိမ်းအတွဲပေါင်း ၁၆၀၅ တွဲကို အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိ လည်းကောင်း၊ အုပ်စု(စီ) ကျောက်စိမ်းအတွဲပေါင်း ၁၄၆၈ တွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်အထိ လည်းကောင်း ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စီးပွားရေးအကျိုးဖြစ်ထွန်းစေရန်နှင့် ကျောက်မျက်သယံဇာတများကို ရေရှည်တည်တံ့အောင် စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို အောက်တိုဘာ ၁၇ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မင်းသားစုရပ် သဲပုံစေတီ၊ ကိုးနဝင်းစေတီတော်အား သုံးရက်တိုင်တိုင် ဆီမီးတစ်သောင်းပူဇော်ပွဲ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်ရှိ သဲပုံစေတီ၊ ကိုးနဝင်းစေတီတော်ကြီးတွင် ဂေါပကအဖွဲ့မှ ဦးဆောင်၍ သီတင်းကျွတ်လဆန်း ၁၄ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ သုံးရက်တိုင်တိုင် ညနေ ၆ နာရီတွင် ဆီမီးတစ်သောင်း ဆက်ကပ်ပူဇော်ပွဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် ဂေါပကအဖွဲ့များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းသား၊ အသင်းသူများ၊ အလှူရှင်များက သဲပုံစေတီ၊ ကိုးနဝင်းစေတီတော်ကြီးအား သုံးရက်တိုင်တိုင် ညနေ ၆ နာရီတွင် ဆီမီးတစ်သောင်းဖြင့် ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဂေါပကအဖွဲ့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး ဆီမီးတစ်သောင်း ပူဇော်ချိန်တွင်လည်း လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ဂေါပကအဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ **(ဝ၅၃)**

# ဒေသတွင်း စားရေရိက္ခာဖူလုံရေး ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**မင်းဘူး အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရာသီတွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများမှ ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ မင်းဘူးခရိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတွင်းကုန်းကျေးရွာ၊ ကွင်းအမှတ်(၁၃၆၂၊ ၁၃၆၃၊ ၁၃၃၉)ရှိ ဒေသခံတောင်သူများ စိုက်ပျိုးထားသော သီးနှံများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေ၊ ရေတွင်းကုန်းကျေးရွာရှိ ဒေသခံများက ဒေသန္တရနှင့် ဆိတ်များကို စီးပွားဖြစ် မွေးမြူထားရှိမှုနှင့် မောင်းမကန်ကျေးရွာ၌ အသားတိုးကြက်မွေးမြူ ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မောင်မောင်(မင်းဘူး)**

# နှမ်းရိုးသဘာဝမြေဆွေး(မြေဩဇာ)များ လက်တွေ့ပြုလုပ်

**ကျောက်ဆည် အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် စားသုံးသူပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဓာတုဓာတ်ကြွင်းကင်းသည့် အသီးအနှံများရရှိစေရေးအတွက် အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက သမန္တလင်းကျေးရွာ၌ နှမ်းရိုးသဘာဝမြေဆွေးများ လက်တွေ့ပြုလုပ်ခဲ့သည်။

အဆိုပါ နှမ်းရိုးသဘာဝမြေဆွေးပြုလုပ်ခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်တောင်သူများ ပူးပေါင်း၍ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အရည်အသွေးပြည့်မီသည့် မြေဆွေးရရှိရေး၊ ဖုံးအုပ်ရာတွင် အသုံးပြုရန်အတွက် ပလတ်စတစ်အပါးစများ၊ အကာအရံအတွက် ဝါးကပ်ကြမ်းနှင့် ဝါးတိုင်များအသုံးပြုခဲ့ပြီး အလျား ၄ ပေ၊ အနံ ၃ ပေ၊ အမြင့် ၃ ပေ ကန်ပြုလုပ်ကာ နှမ်းရိုး၊ ဖွဲနု၊ အသင့်သုံး(EM)အရည်များနှင့် ပြုလုပ်ခဲ့ကြောင်း၊ မြေဆွေးပြုလုပ်ပြီး ၁၄ ရက် အကြာတွင် သဘာဝမြေဆွေးအဖြစ် စတင်အသုံးပြုနိုင်ကြောင်း၊ စပါးတစ်ဧကအတွက် နှမ်းရိုးသဘာဝမြေဆွေးကန် ခြောက်ကန် ပြုလုပ်၍ အသုံးပြုမှသာ စပါးအတွက် လိုအပ်သည့် အာဟာရများ ပြည့်ဝစွာ ရရှိမည်ဖြစ်သည်။ **(၄၈၅)**

# ပြည်သူ့စကားဝိုင်း ကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၁၂**

ကျေးလက်နှင့်မြို့ပြကွာဟမှု မရှိစေရေး၊ ကျေးရွာနေ ပြည်သူများ လူနေမှုအဆင့်မြင့်မားစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့နယ်၊ ဆေးတလုံးကျေးရွာအုပ်စု၊ ဆေးတလုံးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဇော်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စာရေးဆရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆေးတလုံးကျေးရွာမှ တောင်သူများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်အား အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး ဆွေးနွေးမည့် ပုဂ္ဂိုလ်များက ပြည်သူ့စကားဝိုင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၂

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၅ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက် ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ရှိ ခရိုင်အားကစားကွင်းအား အဆင့်မီခရိုင်အားကစားကွင်း အဖြစ် အဆင့်မြှင့်တင် ပေးနိုင်ပါရန်နှင့် ဝန်ထမ်းအင်အား ဖွဲ့စည်းပုံအတိုင်း အပြည့်အဝ ထားရှိပေးနိုင်ပါရန် ၂၀၁၆ – ၂၀၁၇ (RE ဘတ်ဂျက်) ဖြည့်စွက်ရန်ပုံငွေဖြင့် လည်းကောင်း၊ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အားကစားကွင်းကို ၁၉၆၉ ခုနှစ်တွင် မြေဧရိယာ ၉ ဒသမ ၅၇၅ ဧကပေါ်၌တည်ဆောက်ခဲ့ပြီး အဆင့်မီ အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေး အတွက် အဆိုပါ အားကစားကွင်း အုတ်တံတိုင်း ပေ ၁၀၀၀ ကာရံခြင်း လုပ်ငန်းအား ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ငွေလုံးငွေရင်း အသုံးစရိတ် ခွင့်ပြုရန်ပုံငွေစာရင်းမှ ငွေကျပ် ၁၄၇ သန်းဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း။

ထို့ပြင် ကျောက်ဆည်ခရိုင် အားကစားခန်းမ (အလျား ပေ ၁၂၀၊ အနံ ပေ၉၀) အမိုးပြုပြင်ခြင်း၊ ကြမ်းခင်းပြုပြင်ခြင်းနှင့် ပြတင်းမှန်၊ အလင်းမှန်များ ပြုပြင်ခြင်း အတွက် ခန့်မှန်းကုန်ကျငွေကျပ် သန်း ၁၀၈၀၊ ရိုးရိုးတန်းပွဲကြည့်စင် (အလျား ပေ ၆၀၊ အနံ ၂၃ ပေ) နှစ်စင်ပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၄၁၄ သန်း၊ ဂါလန် ၉၀၀ ဆံ့ (၆ ပေ ပတ်လည်) အုတ်ရေစင်ပြုပြင်ခြင်း အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၄၅ သန်း၊ အားကစားသမား နားနေဆောင် (အလျား ၃၃ ပေ၊ အနံ ၂၂ ပေ၊ အမြင့် ၁၂ ပေ)ပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၀၈ ဒသမ ၉ သန်း၊ လုပ်ငန်း လေးခုအတွက် စုစုပေါင်း ကုန်ကျငွေကျပ် ၁၆၄၇ ဒသမ ၉ သန်းအား မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေမှ သုံးစွဲရန် ခွင့်ပြုချက်ရရှိပြီးဖြစ်ပါ၍ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လျက် ရှိပါကြောင်း။

ကျောက်ဆည်ခရိုင် ဘောလုံးကွင်း ၂ ပေဒု မြေဖို့အဆင့်မြှင့်တင်ခြင်းနှင့် မီတာ ၄၀၀ ပြေးလမ်း ကျောက်မှုန့်ခင်းခြင်း လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၄၀၁ ဒသမ ၇၉၄ သန်းအား ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေစာရင်းတွင် လျာထားတင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအရ ခန့်အပ်နိုင်ရန်အတွက် ကျောက်ဆည်ခရိုင်တွင် အငယ်တန်းစာရေးတစ်ဦး၊ လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူးတစ်ဦး၊ ရုံးအကူတစ်ဦး၊ အမှုထမ်း သုံးဦးနှင့် ကျောက်ဆည်မြို့နယ်တွင် ရုံးအကူတစ်ဦး စုစုပေါင်းအမှုထမ်း လေးဦး လိုအပ်မည်ဖြစ်ပါကြောင်း၊ ခန့်အပ်ရန်ကျန်ရှိသည့် အမှုထမ်းရာထူးနေရာများအတွက် ဝန်ထမ်းလျှောက်ထားလာပါက ဒေသခံများအား ဦးစားပေးခန့်ထားနိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် မသန်စွမ်း သက်ငယ် သင်တန်းကျောင်း တစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ဝန်ကြီးဌာနအနေဖြင့် တောင်ကြီးမြို့တွင် မသန်စွမ်း သက်ငယ်သင်တန်းကျောင်းဆောက်လုပ်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ မြေနေရာတောင်းခံသွားမည် ဖြစ်ပြီး နှစ်အလိုက် ဘတ်ဂျက်ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ အဆောက်အအုံ ဆောက်လုပ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရေဝတီ တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဦးမျိုးသန့်၏ **ရေဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မဲဇလီကုန်းတိုက်နယ် အနောက်ခြမ်း တောင်ရိုးဒေသ ခုံကြီးကျေးရွာအုပ်စု တလိုင်းခုံကျေးရွာနှင့် တောင်ပေါ်ကုန်းကျေးရွာဆက်သွယ်သည့် သဲဖြူချောင်းကူးတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက သဲဖြူ ချောင်းကူးတံတား တည်ဆောက်ရမည့်နေရာသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော မဲဇလီကုန်း – ချင်းကုန်း – မကျည်းပင်ကွင်းလမ်း ကျောက်လမ်း ၂ ဖာလုံ၊ မြေသားလမ်း ၉ မိုင် ၁ ဖာလုံ စုစုပေါင်း လမ်းမိုင်အရှည် ၉ မိုင် ၃ ဖာလုံရှိ Class (A) အဆင့် လမ်းပေါ်တွင် တည်ရှိပါကြောင်း၊ တလိုင်းခုံကျေးရွာနှင့် တောင်ပေါ်ကုန်း ကျေးရွာကိုဆက်သွယ်သည့် သဲဖြူချောင်းအားဖြတ်၍ ဆောက်လုပ်လိုသည့် တံတားဖြစ်ပါကြောင်း၊ လက်ရှိတွင် တည်ဆောက်ထားသော တံတားဟောင်းမရှိဘဲ နွေရာသီတွင် ချောင်းအတွင်းမှ ဖြတ်သန်းသွားလာပြီး မိုးရာသီတွင် ချောင်းရေမြင့်တက်မှုကြောင့် ဖောင်များဖြင့်သာ သွားလာရပါသဖြင့် အရှည် ပေ ၁၂၀၊ အကျယ် ပေ ၂၀ ချောင်းကူးတံတား အသစ်တစ်စင်း တည်ဆောက်လိုခြင်း ဖြစ်ပါကြောင်း။



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပစဉ်။

သံကူကွန်ကရစ် တံတားအဖြစ် အသစ်တည်ဆောက်မည်ဆိုပါက ခန့်မှန်းငွေကျပ် သန်း ၁၃၈၀ ကုန်ကျမည် ဖြစ်ပါကြောင်း၊ တံတားအသစ် တည်ဆောက်နိုင်ရေးအတွက် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြိုတင်လေ့လာမှုကို ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ပါ၍ မဲဇလီကုန်း–ချင်းကုန်း–မကျည်းပင်ကွင်း လမ်းပေါ်ရှိ သဲဖြူ ချောင်းကူးတံတားအသစ် တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည် ဖြစ်ပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၈) ခွန်စောလွင်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အေးသာယာ၊ ညောင်ရွှေ၊ နန်းပန်၊ တုံဟုန်း၊ ပင်လောင်း ကတ္တရာလမ်းမကြီးမှ နန်းပန်–ခေတ်တော်ရေဦးလမ်း၊ ခေတ်တော်ရေဦး – နမ့်လီလမ်း၊ နမ့်လီ – ပွေးတောင်– ထီဝါးမှူးလမ်းနှင့် ထီဝါးမှူး – ထီဖူး – ထီနို – နားဟီးလမ်းတို့ ဆက်သွယ်ထားသော စုစုပေါင်း လမ်းမိုင်အရှည် ၁၈ မိုင် ၁ ဒသမ ၉၆ ဖာလုံရှိသည့် မြို့နယ်ချင်းဆက်လမ်းကို ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ညောင်ရွှေမြို့နယ် နန်းပန်– ခေတ်တော်ရေဦးလမ်း၊ ခေတ်တော်ရေဦး – နမ့်လီလမ်း၊ နမ့်လီ– ပွေးတောင် – ထီဝါးမှူးလမ်းတို့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနပိုင်လမ်းများ ဖြစ်ပြီး ကတ္တရာလမ်း ၂ မိုင် ၃ ဖာလုံ၊ ကျောက်ချောလမ်း ၇ မိုင် ၄ ဒသမ ၉၆ ဖာလုံ၊ မြေသားလမ်း ၃ မိုင် ၂ ဖာလုံ စုစုပေါင်း ၁၃ မိုင် ၁ ဒသမ ၉၆ ဖာလုံရှိပါကြောင်း။

ခေတ်တော်ရေဦး– နမ့်လီလမ်းတွင် မြေသားလမ်း ၃ မိုင် ၂ ဖာလုံ ရှိသည့်အနက် ၁ မိုင်အား ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရ ရာသီမရွေးသွားလာနိုင်သော အမာခံကျောက်လမ်းအဖြစ် ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါလမ်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား လတ်တလော ဦးစားပေးအစီအစဉ်တွင် မပါဝင်သေးပါကြောင်း။

တောင်ကြီးမြို့နယ် အတွင်းရှိ ထီဝါးမှူး–ထီဖူး–ထီနို–နားဟီးလမ်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ၅ မိုင် ရှိပါကြောင်း၊ အဆိုပါလမ်းသည် ဒေသမှ ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားသည့် မြေသားလမ်းဖြစ်ပါကြောင်း၊ မြေသားလမ်း ၅ မိုင်တွင် ကျောက်လမ်း ၁ မိုင် ၇ ဖာလုံ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသည့် မြေသားလမ်း ၃ မိုင် ၁ ဖာလုံ ကတ္တရာလမ်းအဖြစ် ဆက်လက်အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအား ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု (သို့မဟုတ်) ပြည်နယ်ရန်ပုံငွေဖြင့် ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းတွင် အဆိုပြုလျာထားပေးသွားမည် ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီ တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စုအတွင်းရှိ ကင်းဆိုးကျေးရွာနှင့် ဆီတိုင်ကုန်းကျေးရွာသို့ ဆက်သွယ်ထားသည့် ၁၅၇၄၁ ပေခန့် ရှည်လျားသော ကျေးရွာချင်းဆက် မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြိတ်မြို့နယ် အင်္ဂမော် ကျေးရွာအုပ်စု ကင်းဆိုးကျေးရွာသည် ပြည်ထဲရေးအမည်ပေါက် ကျေးရွာဖြစ်ပါကြောင်း၊ မြေပြင်တွင် ဆီတိုင်ကုန်းကျေးရွာဟူ၍ သီးခြားမရှိဘဲ ဥယျာဉ်ခြံများအတွင်း နေထိုင်ကြသည့် မိသားစုများသာရှိပါကြောင်း၊ ဆီတိုင်ကုန်းကျေးရွာဟူ၍လည်း ပြည်ထဲရေး အမည်ပေါက်စာရင်းတွင် ပါဝင်ခြင်း မရှိသည်ကို တွေ့ရှိရပါကြောင်း။

ကင်းဆိုးကျေးရွာ အတွင်း ဥယျာဉ်ခြံမြေ ဧက ၃၀၀၀ ခန့် ရှိပါကြောင်း၊ မြေသားလမ်း အရှည် ၃ မိုင် ၆ ဒသမ ၄၂ ဖာလုံအနက် ၂ ဖာလုံအား ကျောက်ချောလမ်း ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ ကျန်မြေသားလမ်း ၃ မိုင် ၄ ဒသမ ၄၂ ဖာလုံအား ကုန်ထုတ်လမ်းအဖြစ် ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ပါကြောင်း။

ကုန်ထုတ်လမ်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်တွင် အကြိုအင်ဂျင်နီယာလုပ်ငန်းများအဖြစ် ကွင်းဆင်းတိုင်းတာခြင်း၊ လမ်းဒီဇိုင်းပုံထုတ်ခြင်း၊ အသေးစိတ်ခန့်မှန်းခြေတွက်ချက်ခြင်းများကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားတင်ပြထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကုန်ထုတ်လမ်းအဆင့်ကို မြေနီ၊ ကျောက်စရစ်၊ ရိစာအဆင့်သာ ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီဝင် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၅) ဦးမိုးမြင့်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**အား အတည်ပြုရန် လွှတ်တော်၏ သဘောထား ရယူရာ သဘောတူသဖြင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ**နှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏သဘောထားရယူရာ သဘောတူသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို အောက်တိုဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



**မန္တလေး အောက်တိုဘာ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံ၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်တို့တွင် စီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ စည်ပင်သာယာရေး ဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းရာတွင် ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်၊ မြင်းနားကျေးရွာအုပ်စုရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးကြပ်၍ တောင်သူဦးဖိုး၏ စိုက်ဧက လေးဧကတွင် စိုက်ပျိုးထားသည့် မိုး၊ မိုးနှောင်းချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်သို့ရောက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား တာဝန်ရှိသူများက ရမည်းသင်းမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ခုနှစ် ချည်မျှင်ရှည်ဝါစိုက်ပျိုးပြီးစီးမှု၊ ဝါစိုက်တောင်သူများအား ဝါသီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာအုပ်စုအလိုက် ဝါချေးငွေပေးအပ်မည့်အစီအစဉ်များ၊ ချည်မျှင်ရှည်ဝါသီးနှံပန်းတိုင်စိုက်ပျိုးပြီးစီးမှု၊ ချည်မျှင်ရှည်ဝါ သီးနှံမျိုးစေ့ထုတ် စိုက်ပျိုးပြီးစီးမှု၊ ကျေးရွာအုပ်စုအလိုက် ရှေ့တန်းစခန်းအလိုက် မျိုးဝါစေ့ဖြန့်ဖြူးမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား ဝါစိုက်တောင်သူများအတွက် ဈေးကွက်နှင့် ဝင်ငွေအခွင့်အလမ်း ပိုမိုရရှိလာရေးနှင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး အားလုံးဝိုင်းဝန်းဆောင်ရွက်သွားရေးတို့ကို မှာကြားပြီးနောက် စံပြကွက်စိုက်ခင်းအား ကြည့်ရှုခဲ့သည်။

၎င်းနောက် ရွာတန်းသဲကျွန်းကျေးရွာအုပ်စုရှိ ဒေါ်နွယ်နီထွန်း၏ Red Glob (RG) စပျစ်သီးနှံစိုက်ခင်းသို့လည်းကောင်း၊ ရွာတန်းသဲကျွန်းကျေးရွာအုပ်စု ရွာတန်းရှိ Sky Wine စပျစ်ဝိုင်ထုတ်လုပ်မှုလုပ်ငန်းသို့လည်းကောင်း ကြည့်ရှုပြီး လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ဖြည့်ဆည်းပေးခဲ့သည်။

ဆက်လက်၍ ပျော်ဘွယ်မြို့နယ်၊ ညောင်ရွှေကျေးရွာရှိ ဒေါက်တာ မြတ်စံ၏ ဇီဝက မွေးမြူရေးခြံသို့ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်အား မွေးမြူရေးလုပ်ငန်းရှင်က ကြက်ခြံတစ်ခြံလျှင် ဥစားကြက်အကောင်ရေ ၅၀၀၀၊ စုစုပေါင်း အကောင်ရေ ၇၀၀၀၀ မွေးမြူထားရှိမှု၊ ကြက်ဥ ထုတ်လုပ်မှု တစ်နှစ်လျှင် (၈၅)ရာခိုင်နှုန်းအထက် ထုတ်လုပ်နိုင်မှု၊ ကြက်စာထုတ်လုပ်မှုအနေဖြင့် ပြည်တွင်းမှ ထွက်ရှိကုန်ကြမ်းများကို အသုံးပြုထားမှု၊ နို့စားနွားမွေးမြူရေးခြံနှစ်ခြံတွင် Holstein Friesian နို့စားနွားအမျိုးအစား အကောင်ရေ ၁၀၄ ကောင် မွေးမြူထားရှိမှုနှင့် တစ်နှစ်လျှင် နွားနို့ ၄၃၂၀၀ ပိဿာထုတ်လုပ်နိုင်မှု၊ တန်ဖိုးမြှင့်ထုတ်ကုန် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နေမှုနှင့် ဈေးကွက်အတွင်း ဖြန့်ချိနေမှု၊ တိရစ္ဆာန်အစာ နံ့စားပြောင်း၊ နေပီယာမြက် (၁၀)ဧက စိုက်ပျိုးထားမှုနှင့် လုပ်ငန်းများလည်ပတ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး၍ မွေးမြူရေးခြံအတွင်း မွေးမြူထားရှိမှုနှင့် ပြည်တွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများဖြင့် တိရစ္ဆာန်အစာစပ် ထုတ်လုပ်နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရွှေပန်းတိုင်ကျေးရွာအုပ်စုရှိ မွေးမြူရေးဇုန်လျာထားနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့သည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ်ရှိ ရပ်ကွက်များသို့ သောက်သုံးရေများ ဖြန့်ဝေပေးနေသည့် မြို့မရပ်ကွက်ရှိ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေး ရေသန့်စက်ရုံအမှတ်(၁)နှင့် ပေါက်ချောင်းရပ်ကွက်ရှိ ရေစုကန်နှင့် ရေသန့်စက်ရုံအမှတ်(၂)သို့ သွားရောက်၍ ရေသိုလှောင်ထားမှု၊ ရေသန့်စင်နေမှုနှင့် ရပ်ကွက်များသို့ ရေပေးဝေနေမှုများအား ဆိုလာစနစ်နှင့်လျှပ်စစ်ဓာတ်အား တွဲဖက်၍ အသုံးပြုဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့သည်။

၎င်းနောက် သဲကုန်းကျေးရွာရှိ ဦးအောင်သူ၏ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်ကုန်ထုတ်လုပ်နေမှုလုပ်ငန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေး၍ လုပ်ငန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိတ္ထီလာ-တောင်ကြီးလမ်း ညောင်ကိုင်းကျေးရွာအုပ်စုရှိ ညောင်ကိုင်းဘုန်းကြီးကျောင်းရှိ ဓမ္မာရုံတွင် နေကြာသီးနှံပန်းတိုင်ရရှိရေး နည်းပညာဆွေးနွေးပွဲသို့ ရောက်ရှိပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက နေကြာသီးနှံစိုက်ပျိုးထားမှုအခြေအနေများ၊ ၂၀၂၆-၂၀၂၇ ခုနှစ် နေကြာသီးနှံမျိုး ဖြန့်ဖြူးပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နေကြာသီးနှံ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး အလေးထားကာ ဝိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားပြီးနောက် တောင်သူများမှ တင်ပြချက်များ၊ ဌာနဆိုင်ရာများမှ ရှင်းလင်းတင်ပြချက်များနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ဖြည့်စွက်ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးဧက ၅၀ အတွက် တောင်သူများထံ ရေဆင်း(၁)နှင့် ဆင်းရွှေကြာ(၂) နေကြာသီးနှံမျိုးစေ့များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



## လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

**မူဆယ် အောက်တိုဘာ ၁၂**

မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုလုပ်ငန်းများဖြစ်သည့် ကွန်ကရစ်လမ်း လေးလမ်း၊ တံတားသုံးစင်း၊ လမ်းပေါက်ဖာခြင်းလုပ်ငန်းတစ်ခု၊ ရေပေးရေးလုပ်ငန်းတစ်ခု၊ အခြားလုပ်ငန်းကိုးခု၊ စုစုပေါင်းလုပ်ငန်း ၁၈ ခုကို မြို့ပေါ်ရပ်ကွက်(၉)ရပ်ကွက်တွင် ဆောင်ရွက်သွားမည်ဖြစ်သည်။ **(အပေါ်ပုံ)**

အဆိုပါလုပ်ငန်းများထဲမှ ဌာနကြီးကြပ်မှုဖြင့် ဆောင်ရွက်မည့် ငွေလုံးငွေရင်းလုပ်ငန်းများအနက် ကောင်းမူးတုံရပ်ကွက်၊ ပန်လုံလမ်း(၄၀၀' x ၁၈' x ၆")ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ကောင်းမူးတုံရပ်ကွက် နတ်စင်လမ်းနှင့် ဖူလီလိုက်လမ်းထောင့် Slab Culvert ဆောင်ရွက်နေမှုများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေးနှင့် ကောင်းမူးတုံရပ်ကွက်၊ ဟိုနားနယ်မြေ၊ နမ့်စေးချောင်းနယ် နိမိတ်အတွင်း ကျူးကျော်အဆောက်အအုံများ ဆောက်လုပ်မှုရှိ၊ မရှိ အခြေအနေများကို မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်း၊ မူဆယ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စန်းဝင်း၊ ခရိုင်လဝကဦးစီးမှူး၊ မူဆယ်မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦး (ဒုတိယညွှန်ကြားရေးမှူး)နှင့် အင်ဂျင်နီယာမှူး ဦးရဲထွဋ်၊ ခရိုင်၊ မြို့နယ် မြေစာရင်းဦးစီးဌာန၊ လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကဆ)**

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပုသိမ်ကြီး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သော အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးလက်ကမ်း စာစောင်များ အခမဲ့ဖြန့်ဝေခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် ယမန်နေ့ နံနက် ၇ နာရီက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ လူစည်ကားရာ မြို့မစည်ပင်သာယာဈေးနှင့် နာရီစင်အနီးတို့တွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါလက်ကမ်းစာစောင်တွင် သတိပြုရမည့် အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ ခံစားရပါက လိုက်နာရမည့်အချက်များ၊ အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ်ရှေးဦးပြုစုခြင်း၊ အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ ပါဝင်ပြီး လက်ကမ်းစာစောင်ဖြန့်ဝေရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီအသင်းတို့က လက်ကမ်းစာစောင်အစောင်ရေ ၅၀၀ ကို ပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(ရွှေရန်ကင်း)**



## ဆုတောင်းပြည့်စေတီတော် မဟာရွှေသိမ်တော်တွင် အစိဋ္ဌာန်ပြုသူများနှင့် ဘုရားဖူးများ စည်ကား



**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ သင်တောင်းကြီးကျေးရွာရှိ မဟာရွှေသိမ်တော် မြတ်စွာဘုရားတွင် ဘုရားဖူးလာရောက်သူများ၊ အစိဋ္ဌာန်အောင်ပွဲများ ကျင်းပသူများနှင့် ကုသိုလ်ဒါနပြုလုပ်သူများဖြင့် စည်ကားလျက်ရှိသည်။

မဟာရွှေသိမ်တော်ဘုရားသည် ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများ ယုံကြည်ကြည်ညိုကြသည့် သမိုင်းဝင်ဆုတောင်းပြည့်စေတီတော်မြတ်တစ်ဆူဖြစ်ပြီး ဘာသာရေးဆိုင်ရာ ကုသိုလ်ကောင်းမှုများ ပြုလုပ်ရန်နှင့် အစိဋ္ဌာန်ဝင်ကာ ဆုတောင်းမှုများ ပြုလုပ်ရန် လာရောက်ကြသည့် ဘုရားဖူးများလည်း ရှိကြသည်။ **(အပေါ်ပုံ)**

ဘုရားဖူးများသည် မိမိတို့၏ အစိဋ္ဌာန်များ ပြည့်မြောက်သည့်အခါ အောင်ပွဲအဖြစ် လှူဒါန်းမှုများ ပြုလုပ်ကြသကဲ့သို့ ဘုရားဖူးလာရောက်စဉ်တွင်လည်း ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အခြားလှူဖွယ်ပစ္စည်းများဖြင့် ကုသိုလ်ယူကြသည်။ ထို့သို့ ဘုရားဖူးလာရောက်သူများနှင့် လှူဒါန်းမှုများကြောင့် ဘုရားရင်ပြင်တော်နှင့် အနီးပတ်ဝန်းကျင်တွင် စည်ကားမှုများ တွေ့ရှိရသည်။

မဟာရွှေသိမ်တော်ဘုရားတွင် အစိဋ္ဌာန်အောင်ပွဲများအတွက် အုန်းပွဲ၊ ငှက်ပျောပွဲများကို အဓိကထား၍ လှူဒါန်းပူဇော်ကြပြီး ဘုရားဝင်းအတွင်းရှိ အုန်းငှက်ပျောပွဲရောင်းချသည့် ဆိုင်များတွင်လည်း ဘုရားဖူးများ၏ လိုအပ်ချက်အလိုက် ဝယ်ယူနိုင်ကြသည်။

လက်ရှိ ဘုရားဝင်းအတွင်း ရောင်းချလျက်ရှိသော အုန်းငှက်ပျောပွဲများ၏ ဈေးနှုန်းမှာ အုန်းငှက်ပျော သုံးဖီးပါ တစ်ပွဲလျှင် ငွေကျပ် ၁၃၀၀၀၊ ငါးဖီးပါ တစ်ပွဲလျှင် ငွေကျပ် ၁၈၀၀၀ နှင့် ၁၁ ဖီးပါ တစ်ပွဲလျှင် ငွေကျပ် ၃၅၀၀၀ ဖြစ်သည်။

အုန်းငှက်ပျောပွဲရောင်းချသည့် ဆိုင်များအနေဖြင့်လည်း လပြည့်နေ့၊ လကွယ်နေ့နှင့် ဘာသာရေးဆိုင်ရာ အခါကြီးရက်ကြီးများတွင် ဘုရားဖူးလာရောက်သူများ ပိုမိုများပြားသည့်အတွက် အရောင်းအဝယ် ပိုမိုကောင်းမွန်လေ့ရှိသည်။

မဟာရွှေသိမ်တော်ဘုရား၏ သမိုင်းကြောင်းအရ စေတီတော်ကို သက္ကရာဇ် ၃၉၅ ခုနှစ်တွင် အနော်ရထာမင်းကြီးက တည်ထားကိုးကွယ်ခဲ့ပြီး ရှင်အရဟံရဟန္တာက သိမ်သမုတ်ပေးခဲ့သည်ဟု မှတ်တမ်းများတွင် ဖော်ပြထားသည်။ မူလစေတီတော်၏ ဉာဏ်တော်အမြင့်မှာ ကိုးတောင်ခန့်ရှိခဲ့ပြီး နောက်ပိုင်းတွင် ဒေသခံများ၏ ကောင်းမှုဖြင့် ပြုပြင်မြှင့်တင်ခဲ့ကာ လက်ရှိတွင် ဉာဏ်တော် ၃၄ တောင်အမြင့်ရှိသည့် စေတီတော်အဖြစ် ဖူးမြော်ကြည်ညိုနိုင်သည်။

မဟာရွှေသိမ်တော်ဘုရားသည် သစ္စာအစိဋ္ဌာန်ပြုဆုတောင်းခြင်း၊ အောင်ပွဲကန်တော့ပွဲများ လှူဒါန်းခြင်းတို့ကြောင့် လူသိများထင်ရှားလာခဲ့သည့် ဘုရားတစ်ဆူဖြစ်ပြီး ပညာရေး၊ စီးပွားရေးနှင့် မိမိတို့၏ ရည်မှန်းချက်များ ပြည့်မြောက်ရေးအတွက် အစိဋ္ဌာန်ပြုသူများလည်း လာရောက်ဖူးမြော်ကြည်ညိုကြသည်။

မဟာရွှေသိမ်တော်မြတ်စွာဘုရားသည် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုများသာမက ဒေသတွင်း အုန်းငှက်ပျောပွဲရောင်းချသူများနှင့် အခြားဈေးသည်များအတွက်လည်း အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းတစ်ရပ်ဖြစ်ပေါ်စေသည့် နေရာတစ်ခုဖြစ်ပြီး ဘုရားဖူးလာရောက်သူများ၏ လှူဒါန်းပူဇော်မှုများနှင့် ဈေးဝယ်ယူသူများက ဒေသတွင်း စီးပွားရေးလှုပ်ရှားမှုများကို အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ(မန္တလေးနေ့စဉ်)**



## အသိပညာပေးလက်ကမ်းစာစောင်များနှင့် မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**မန္တလေး အောက်တိုဘာလ ၁၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်(၂၁၃)၊ အောက်ကမ်းနားလမ်း၊ ၂၆လမ်းဆုံရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သီရိမာလာဈေးရှေ့နှင့် ၈၆လမ်း၊ ၁၅လမ်းနှင့် ၁၆ လမ်းကြား၊ ပြည်ကြီးရန်လုံရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အကြောင်း အသိပညာပေး လက်ကမ်းစာစောင်များနှင့် မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို အောက်တိုဘာ ၁၀ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းနှင့် မြို့နယ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် လမ်းသွားလမ်းလာပြည်သူများ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများနှင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများထံ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်များအကြောင်း သိကောင်းစရာများနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ရေရှည်တုံ့ပြန်နိုင်ရေးအတွက် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူချိန်မြင့်မားခြင်း၊ ရေရှားပါးခြင်းနှင့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ ပါဝင်သော အသိပညာပေး လက်ကမ်းစာစောင်များနှင့် မီးဘေးလုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်များကို လက်ဝယ်အရောက်အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## မန္တလေးတွင် လာမည့်တစ်ပတ် အပူချိန် ၉၉ ဒီဂရီဖာရင်ဟိုက်အထိ ရှိနိုင်ပြီး နေရာကျဲကျဲမိုးရွာနိုင်

**မန္တလေး အောက်တိုဘာ ၁၂**

မိုးနှောင်းကာလမှ မိုးလွန်ကာလသို့ ကူးပြောင်းနေသည့် အောက်တိုဘာ ၁၂ ရက်မှ ၁၈ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၌ နေရာကျဲကျဲမိုးရွာနိုင်ပြီး အမြင့်ဆုံးအပူချိန် ၈၈ မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ကြောင်း စိုက်ပျိုးရေးမိုးလေဝသဌာနခွဲက ခန့်မှန်းထားသည်။

အဆိုပါ ကာလအတွင်း မန္တလေးတိုင်းဒေသကြီး၌ အနိမ့်ဆုံးအပူချိန်မှာ ၇၁ မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပြီး လေထုစိုထိုင်းဆ ၇၁ မှ ၈၀ ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

ထို့ပြင် ပင်ငွေ့ရေငွေ့ပျံနှုန်းမှာ တစ်ပတ်အတွင်း ၂၇ မှ ၃၆ မီလီမီတာအတွင်း ရှိနိုင်သဖြင့် စိုက်ပျိုးသီးနှံများအတွက် မြေဆီလွှာအစိုဓာတ်နှင့် ရေရရှိမှုအခြေအနေကို ဂရုပြုရန် လိုအပ်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကျဲကျဲ မိုးရွာနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ကြောင်း ခန့်မှန်းထားသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင်လည်း လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း စိုက်ပျိုးရေးမိုးလေဝသဌာနခွဲ၏ ခန့်မှန်းချက်တွင် ဖော်ပြထားကြောင်း သိရသည်။

(ဝဲပုံ)

**ရွှေမန်း**





## အမျိုးသမီးသက်မွေးသင်တန်းကျောင်း၌ လူကုန်ကူးမှုအန္တရာယ် အသိပညာပေး ဟောပြော

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၌ အမျိုးသမီးငယ်များအား လူကုန်ကူးမှု အန္တရာယ်အသိပညာပေး ဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးသက်မွေးသင်တန်းကျောင်းတွင် ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိဒေါ်စံပယ်က ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် လူကုန်ကူးမှုအန္တရာယ်သတိပြုကာကွယ်ရေးများကို ရှင်းလင်းပြောကြားပြီးနောက် အမျိုးသမီးငယ်များက သိရှိလိုသည်များကို ဖြေကြားပေးခဲ့သည်။ ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်ကို ဖွင့်လှစ်ပေးကာ သုတ၊ ရသစာအုပ်များကို ငှားရမ်းပေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော အမျိုးသမီးငယ်များက မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးပြသထားသော နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀-၀-၀-၀

ရေနုတ်မြောင်းအတွင်း
စည်းကမ်းမဲ့
အမှိုက်မစွန့်ပစ်ခြင်းဖြင့်
သင်၏ ဂုဏ်ကို
မြှင့်တင်ပါ။

# တို့ကျေးရွာ၏ ရိုးရာဝါကျွတ်ဘုရားပွဲ

## မြန်မာမှုအေးပေါ်

မြန်မာနိုင်ငံအတွင်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့သည် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်များ အခြေခံကာ ဖွဲ့စည်းထားသည်ဖြစ်၍ ကျေးလက်တောရွာများလည်း မြောက်မြားစွာ ပါဝင်ကြသည်။ ဗုဒ္ဓဘာသာဝင်အများစု နေထိုင်ရာ နိုင်ငံဖြစ်သည့်အားလျော်စွာ ဘာသာတရားနှင့်ဆိုင်ရာ ဘုရားပွဲ၊ ကျောင်းပွဲ၊ အလှူပွဲများ စသည့် လှူဒါန်းမှုများနှင့် ပျော်ရွှင်နေကြသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။ ထိုသို့ မြန်မာ့ရိုးရာဘုရားပွဲတော်များကို ပျော်ရွှင်စွာ ဆင်နွှဲကြသည့်အထဲ ကျွန်တော်တို့ 'စမ်းစုရွာ' သည်လည်း အပါအဝင် ဖြစ်သည်။

'စမ်းစုရွာ'ဆိုသည်မှာ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ကျေးရွာပေါင်း ၂၃၀ ကျော် ရှိသည့်အနက် အရှေ့မန်ကျီးကန် ကျေးရွာအုပ်စုမှ ရွာငယ်လေးတစ်ရွာပါ။ ထိုကျေးရွာဒေသ၏ အနီးဝန်းကျင်ရှိ ကျေးရွာတိုင်းတွင် ရွာဦးစေတီနှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော် တစ်ဆူဆူရွာဦး၌ တည်ထားကိုးကွယ်သည့်အပြင် ရွာဦးဘုန်းတော်ကြီးကျောင်းတို့လည်း ရှိကြပါသည်။ ထိုဘုရားကျောင်းကန်များ၌ နှစ်စဉ် ဘုရားပွဲနှင့် ဆွမ်းလောင်းပွဲ (ဒေသအခေါ် ဆွမ်းလုံးချပွဲ )တို့ကို တစ်နှစ်လျှင် နှစ်ကြိမ် ကုသိုလ်ပြုလှူဒါန်းကြသည်မှာ ထိုကျေးရွာဒေသတို့၏ ရိုးရာဓလေ့ပင် ဖြစ်သည်။ ကျွန်တော်တို့ စမ်းစုရွာကလေးသည် ဝါဆိုဦး ဝါဆိုလဆန်း ၉ ရက်၊ ၁၀ ရက်တို့တွင် ဆွမ်းလုံးချပွဲ(ခေါ်)ဆွမ်းကြီးလောင်းပွဲကို ကျင်းပ၍ ဝါကျွတ် သီတင်းကျွတ်လဆန်း ၉ ရက်၊ ၁၀ ရက်တို့တွင် ကျေးရွာဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ နှစ်စဉ် ကျင်းပကြပါသည်။

ဘုရားပွဲတော် ကျင်းပရန် သီတင်းကျွတ်လ ဝါကျွတ်ခါနီး ရောက်လာသောအခါ စမ်းစုရွာကလေးရှိ ရွာသူ၊ ရွာသားတို့သည် ကုသိုလ်သဒ္ဓါစိတ်များ တဖွားဖွား ပေါ်ပေါက်ကာ ရွှင်လန်းတက်ကြွစွာ လှုပ်ရှားလာကြပါသည်။ ဘုရားပွဲတော်အတွက် လှူရေးတန်းရေးကို ဦးစားပေးဆောင်ရွက်ကြသလို တစ်ဖက်မှလည်း နှစ်စဉ် ဘုရားပွဲတော်နေ့များတွင် ပျော်ပွဲရွှင်ပွဲအဖြစ် ကျေးလက်ဒေသ အရပ်ပြဇာတ် ကပြနိုင်ရေးကိုလည်း ဆောင်ရွက်ကြပါသေးသည်။ ကျွန်တော်တို့ရွာလေး၏ ချစ်ခင်ရင်းနှီးမှု၊ စုပေါင်း ဆောင်ရွက်တတ်မှု၊ ကျရာနေရာ တာဝန်ယူဆောင်ရွက်နိုင်မှုသည် ကာလသား၊ကာလသမီး ညီညွတ်ရေး၊ လူငယ် အမျိုးသား၊ အမျိုးသမီးများ၏ ချစ်ခင်စရာ အလေ့အထတစ်ခုပင် ဖြစ်သည်။ ထိုရက်များတွင် ကျေးရွာတွင်ရှိ ရွာသူ၊ ရွာသား မိသားစုများကလည်း ဘုရားပွဲတော်အတွက် အားတက်သရော ကြိုးစားလုပ်ဆောင်နေကြသည်ဖြစ်၍ မအားမလပ်ကြပေ။

ကျေးရွာရှိ ကာလသားခေါင်း ဦးဆောင်၍ အရပ်ပြဇာတ် အတွက် စိတ်ပါဝင်စားကြသူ ကာလသား၊ ကာလသမီးများကို 'ပြဇာတ်မင်းသား၊ လူကြမ်း၊ ဇာတ်ပို့၊ ဇာတ်ရံ၊ သရုပ်ဆောင်'များအဖြစ် စိစစ်ရွေးချယ်သတ်မှတ်ခြင်း၊ ကျောက်ပန်းတောင်းမြို့ပေါ်မှ ပြဇာတ်မင်းသမီးနှင့် အခြားအနုပညာရှင်များ၊ တီးဝိုင်းအတွက် လိုအပ်သည့် ဆိုင်းတူရိယာပစ္စည်းများ၊ အရပ်ပြဇာတ်အတွက် ရှေ့မျက်နှာဖုံး ကားလိပ်မှအစ ဇာတ်ဝင်ခန်းပါ အဆောင်အယောင်ပစ္စည်းများ ငှားရမ်းခြင်းတို့ ဆောင်ရွက်ကြရသည်။ ငှားရမ်းခကုန်ကျစရိတ်ငွေကိုလည်း ကာလသားသမီးများက သရုပ်ဆောင်မည့် အဆင့်အလိုက် အချိုးကျ အလှူငွေထည့်ဝင်လှူဒါန်းကြသည်။ သီတင်းကျွတ်လဆန်း ၉ ရက် ဘုရားပွဲတော်အကြိုနေ့ ရောက်သောအခါ မွန်းလွဲ ၂ နာရီခန့်မှစ၍ အသံချဲ့စက် (ဒေသအခေါ် ဓာတ်စက်)မှ ကြည်နူးဖွယ်ရာသီချင်းများ စတင်ဖွင့်ကာ ဘုရားပွဲတော် အစီအစဉ်ကို စတင်လိုက်ပါသည်။ ထိုနေ့ညနေပိုင်းတွင် စမ်းစုရွာ၏ ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ဇရပ်၊ ဓမ္မာရုံ အလှူရှင် ဒါယကာ ဒါယိကာမများနှင့် အချို့သော ရွာသူ၊ ရွာသားများသည် ရွာဦးကျောင်းဆရာတော်ဘုရားထံသွား၍ ဆွမ်းဆန်တော်များ လှူဒါန်းသည့်အပြင် ကြွရောက်လာမည့် ဧည့်သည်တော်များအတွက် ဧည့်ဝတ်ပြုရာ ကျေပွန်နိုင်စေရေး မုန့်ပဲသရေစာများ အပါအဝင် ကွမ်း၊ ဆေး၊ လက်ဖက်၊ ပဲကြော်တို့ကိုလည်း လှူဒါန်းကြပါသည်။

ထိုနေ့ ည ၈ နာရီခန့် ရောက်သောအခါ စမ်းစုရွာမှ ကုမ္မာရီလှပျိုဖြူများသည် ကြွေရည်သုတ် ပန်းကန်ပြားပေါ်တွင် ရေနံဆီမီးခွက်သုံးခွက်စီ ထွန်းညှိတင်ဆောင်လျက် ဆီမီးပူဇော်ရန် (ဒေသအခေါ် မီးဂျာဝင်ခြင်း) စီတန်းလှည့်လည်ကြသည်။ ပထမဦးစွာ ရွာဦးကျောင်းကို သုံးကြိမ်ပတ်၍ စေတီတော်ရင်ပြင် ရောက်သောအခါ မီးရောင်အလင်းဓာတ်ကို ပူဇော်ကြပါသည်။ ကျေးရွာ ကာလသားများကလည်း ရွာမှ လူငယ်ဒိုးပတ်ဝိုင်းဖြင့် 'မြင်းမိုရ်ပွဲတော်သီချင်း'များ သီဆိုကာ တပျော်တပါး သီဆိုတီးမှုတ်လျက် လှည့်လည်လိုက်ပါကြသည်။ မီးမြင်းမိုရ်လှည့်လည်ပွဲသို့ လိုက်ပါကြွရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများအပြင် ရပ်ဝေး၊ ရပ်နီးမှ ဧည့်သည်တော် ဒါယကာ၊ ဒါယိကာမများကို ရွာဦးကျောင်းတော်မှ မုန့်ပဲသရေစာ၊ ကွမ်း၊ ဆေး၊ လက်ဖက်တို့ဖြင့် ပြန်လည်ဧည့်ခံပါသည်။

ထိုနေ့ ည ၁၀ နာရီမှ နောက်နေ့နံနက် ၃ နာရီခန့်အထိ အရပ်ပြဇာတ်ကို ရွာဦးကျောင်းရှေ့ကွင်းပြင်၌ ဆောက်လုပ်ထားသော ဇာတ်ခုံတွင် ကပြဖျော်ဖြေကြပါသည်။ အားရနှစ်သက် ပျော်ရွှင်ကြည်နူးစရာလည်း ကောင်းလှပေသည်။ ကျွန်တော်တို့ကျေးရွာဘုရားပွဲတော်များတွင် အရပ်သားများ ကပြသော အရပ်ပြဇာတ်များ ကပြဖျော်ဖြေသော အလေ့အထသည် ရှေးယခင်မိဘဘိုးဘွားများ၏ လက်ထက်ကပင် စတင်ခဲ့ပြီး ယနေ့အချိန်အထိ မိမွေ၊ ဖမွေ ဆက်ခံ၍ ကပြနေခြင်းဖြစ်သည်ဟု ဆိုပါသည်။

စမ်းစုရွာ၏ စေတီတော်ကို ကျွန်တော်၏အထက် ငါးဆက်မြောက် 'ဘင်'ဖြစ်သော ဦးဖိုးသာမြတ်က တည်ထားကိုးကွယ်ခဲ့သည်။ 'ဘေး'ဖြစ်သော ဦးဖိုးကွန်းနှင့် ဦးဖိုးသိန်းတို့က ကျောင်းနှင့် ဇရပ် ဆောက်လုပ်လှူဒါန်းခဲ့သည်ဟု ဆိုပါသည်။။

ကျွန်တော်တို့ကျေးရွာ ဘုရားပွဲတော်၏ ထူးခြားမှုတစ်ခုမှာ ဘုရားပွဲတော်ကြီးနေ့ အရုဏ်တက်ချိန်တွင် ရွာထဲမှ အိမ်တိုင်း တစ်အိမ်လျှင် ဆွမ်းနှင့် ဆွမ်းဟင်းပါသော ဆွမ်းတစ်အုပ်ကျစီ ရွာဦးကျောင်းသို့ ပို့ဆောင်လှူဒါန်းကြရသည်။ ထိုသို့ ပို့ဆောင်လှူဒါန်းထားသော ဆွမ်းအုပ်များကို ရွာအနီးဝန်းကျင်မှ ပင့်လျှောက်ထားသော ဆရာတော်၊ သံဃာတော်၊ ရဟန်း၊ သာမဏေများအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့ပြင် ဘုန်းတော်ကြီး၏ ကပ္ပိယ၊ ကျောင်းသား၊ နွားလှည်းသမားများပါမကျန် နံနက်စာဖြင့် ကျွေးမွေးဧည့်ခံသည်။

ထိုနေ့ နံနက် ၇ နာရီတွင် ကျွန်တော်တို့ ကျေးရွာဝန်းကျင် 'အမြောက်ကုံ၊ ကျောင်းစု၊ ဆားတောင်၊ သစ်လှ၊ ဆယ်ကန်၊ စွယ်ပေါ်ကွင်း၊ ထန်းခြောက်ပင်၊ ဇီးချိုပင်၊ မန်ကျီးကန်၊ မလွှတောင်၊ ကိုးဆူရွာနှင့် စမ်းစုရွာသစ်' အခြားကျေးရွာတို့မှ ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ဇရပ်ဒါယကာများသည် စမ်းစုရွာဘုရားပွဲသို့လာ၍ ရွာဦးကျောင်းဆရာတော်အား ဆွမ်းနှင့် ဆွမ်းဟင်းပါ ဆွမ်းအုပ်၊ သစ်သီးဝလံ၊ ဖျော်ရည်မျိုးစုံ၊ မုန့်မျိုးစုံ၊ မုန့်ဆီကြော် စသည်တို့အပြင် ဆွမ်းဆန်စိမ်း၊ နှမ်း၊ မြေပဲနှင့် လယ်ယာထွက်ပစ္စည်းများကို လာရောက်လှူဒါန်း ကြပါသည်။ ထိုကျေးရွာများ၏ ချစ်ခင်စရာ ယဉ်ကျေးလှစွာသော ထိုဓလေ့မှာ မိဘဘိုးဘွားများထံမှ ယာ၊ မြေနှင့် အခြားအမွေများကို ခံယူဆက်ခံသလို ဘိုးဘွားတို့ ကိုးကွယ်ရာ ဘာသာတရား၏ အမွေအနှစ်ကိုလည်း ဆက်ခံယူကြရမည်ဟု အစဉ်အလာရှိကြပေသည်။ သင့်မြတ်သော အယူအဆတစ်ခုပေတည်း။

စမ်းစုကျေးရွာ၏ ဘုရားပွဲတော်ကြီးတွင် ထူးခြားသည့် လှူဒါန်းမှုတစ်ခုမှာ စမ်းစုရွာ၏ အပျိုခေါင်း ဦးဆောင်ကာ ကုမ္မာရီအမျိုးသမီးများ၏ 'တံခွန်လှည့်'ပူဇော်ပွဲပင်ဖြစ်သည်။ ထိုပွဲကို ဘုရားပွဲတော်ကြီးနေ့တွင် ကျင်းပသည်။ ဆောင်ရွက်ပုံမှာ ထိုနေ့ နံနက် ၉ နာရီခန့်တွင် ရှေ့ဆုံးမှ ကာလသားတစ်ဦး ကြေးစည်ကိုင်တီးခတ်ပြီး နောက်မှ အပျိုခေါင်းသည် နဂါးဦးခေါင်းကိုင်ကာ ကုမ္မာရီအမျိုးသမီးများက အလယ်မှ နဂါး၏ခါးနှင့် တံခွန်ကို ကိုင်ဆောင်ပြီး နဂါးအမြီးကိုင် ကုမ္မာရီတစ်ဦးတို့သည် ရွာဦးကျောင်းတော်ကို သုံးပတ်လှည့်ပတ်ကာ ကျောင်းထိုင်ဆရာတော်အား ထိုတံခွန်နှင့် ဝတ္ထုငွေများကို ရေစက်ချ၍ လှူဒါန်းကြပါသည်။ ကာလသားများ၏ ဒိုးပတ်ဝိုင်းကလည်း 'အလှူတော်ဒါန ကာကတဲ့လူမော်ပါဗျို့ … (ဒါနနဲ့ တူပျော်ပျော်…ဇမ္ဗူပေါ်ရှိပဲ)၂ ထီး၊ ဖိနပ်နဲ့ ရေမပါက နွေအခါမှ သိမယ်၊ ဒါနနဲ့ သီလမပါရင် ခင်ဗျာ … နောင်သံသရာ သိလိမ့်မလဲ…။'ဟု ဗုံထောက်သီချင်းများ သီဆိုတီးမှုတ်ကာ ပျော်ရွှင်ကြည်နူးစွာ ကခုန်လာကြသည်မှာ မြင်ရသူများအဖို့ အပျော်များပင် ကူးစက်လျက် နှစ်သက်စေပါသည်။

စမ်းစုကျေးရွာ၏ ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ဇရပ်၊ စေတီ ဒါယကာများသည် ကြွရောက်လာကြသော ရွာနီး၊ ရွာဝေးမှ ဧည့်သည်တော်များ၊ ကျေးရွာအတွင်းမှ ကျေးရွာသူ၊ ကျေးရွာသားများတို့ကို လက်ဖက်၊ ပဲကြမ်း၊ မုန့်ဆီကြော်၊ ငှက်ပျောသီး၊ မြန်မာမုန့်မျိုးစုံတို့ကို စေတနာသဒ္ဓါတရား ထက်သန်စွာ ကျွေးမွေးဧည့်ခံကြပါသည်။ အခြားကျေးရွာများမှ လာရောက်လှူဒါန်းကြသော စေတနာရှင်၊ ကုသိုလ်ရှင်များကိုလည်း လက်ဖက်၊ ချိုချဉ်၊ မုန့်မျိုးစုံတို့ကို ပြန်လည်ပေးဝေကြပါသည်။ ဒေသအခေါ် ကမ်းသည်ဟု ခေါ်ပါသည်။

နံနက် ၁၁ နာရီတွင် အနီးအနားဝန်းကျင်မှ ကြွရောက်တော်မူလာကြသော ပင့်သံဃာ ဆရာတော်များအား ဆွမ်းဘောဇဉ် ဆက်ကပ်လှူဒါန်းကြပါသည်။ ထို့နောက် ဘုရားပွဲတော်သို့ အဝေးမှ လာရောက်ကြသော ဧည့်ပရိသတ်များနှင့် ကျေးရွာမှ ပရိသတ်များကို ထမင်း၊ ဟင်းလျာတို့ဖြင့် ဧည့်ခံကျွေးမွေးကြပါသည်။ ကျေးရွာရှိ ကာလသားများကလည်း တေးသီချင်းများ သီဆိုကာ ဖျော်ဖြေကြပါသည်။

သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့ ထိုဘုရားပွဲကြီးညတွင် စမ်းစုရွာမှ ရွာသူ၊ ရွာသားများသည် ရွာဦးကျောင်း ဆရာတော်ကြီးထံ သွားရောက်၍ မိမိတို့ တောင်ယာမှ ထွက်သော နှမ်း၊ မြေပဲနှင့် အခြားယာထွက်သီးနှံများကို ဆက်ကပ်လှူဒါန်းခြင်း၊ သီလခံယူကာ မေတ္တာပို့ အမျှဝေ ရေစက်ချခြင်းတို့ဖြင့် တစ်နှစ်တာ ဘုရားပွဲကာလ လှူဒါန်းပူဇော်မှု အဖြာဖြာ … ကြည်နူးပျော်ရွှင်စွာ ပြီးဆုံးစေပါသည်။

အချုပ်ဆိုရသော် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် အတွင်းရှိ စမ်းစုရွာကလေးနှင့် နီးစပ်ရာ ပတ်ချာဝန်းကျင် ကျေးရွာဒေသများသည် ကျေးလက်ဒေသ မြန်မာ့ရိုးရာ အလှူပွဲ၊ ကျောင်းပွဲ၊ ဘုရားပွဲ၊ ကထိန်ပွဲ၊ မင်္ဂလာပွဲ အခမ်းအနားများဖြင့် ရှေးမူမပျက် ထိန်းသိမ်းထားကြသည်မှာ ဝမ်းသာကြည်နူး ဂုဏ်ယူစရာပင် ဖြစ်ပေသည်။ စမ်းစုကျေးရွာသည် ကုန်းဘောင်ခေတ် 'ဘင်'အဘိုးဦးဖိုးသာမြတ်မှစ၍ ယနေ့ထက်တိုင် ကျေးရွာ၏ဘုရားပွဲတော်နှင့် ဆွမ်းလုံးချပွဲတော်များကို ရှေးအစဉ်အလာမပြတ် ကျင်းပလျက်ရှိသည်မှာ ဝမ်းသာပီတိ ဂုဏ်ယူမိသဖြင့် 'တို့ကျေးရွာ ရိုးရာဝါကျွတ်ဘုရားပွဲတော်'ဆိုသော ဆောင်းပါးကို ရေးသားတင်ပြ ဂုဏ်ပြုလိုက်ရပါသည်။

ကျွန်တော်တို့ကျေးရွာ ဘုရားပွဲတော်၏ ထူးခြားမှုတစ်ခုမှာ ဘုရားပွဲတော်ကြီးနေ့ အရုဏ်တက်ချိန်တွင် ရွာထဲမှ အိမ်တိုင်း တစ်အိမ်လျှင် ဆွမ်းနှင့် ဆွမ်းဟင်းပါသော ဆွမ်းတစ်အုပ်ကျစီ ရွာဦးကျောင်းသို့ ပို့ဆောင်လှူဒါန်းကြရသည်။ ထိုသို့ ပို့ဆောင်လှူဒါန်းထားသော ဆွမ်းအုပ်များကို ရွာအနီးဝန်းကျင်မှ ပင့်လျှောက်ထားသော ဆရာတော်၊ သံဃာတော်၊ ရဟန်း၊ သာမဏေများအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့ပြင် ဘုန်းတော်ကြီး၏ ကပ္ပိယ၊ ကျောင်းသား၊ နွားလှည်းသမားများပါမကျန် နံနက်စာဖြင့် ကျွေးမွေးဧည့်ခံသည်။

# ပုသိမ်ကြီးမြို့နယ်စာရေးဆရာအသင်း၏ ပံသုကျီစာပေအနုပညာဝိုင်းနှင့် ကဗျာပေါင်းချုပ်စာအုပ် မိတ်ဆက်ပွဲ ကျင်းပ



**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်စာရေးဆရာ အသင်း၏ ပံသုကျီစာပေအနုပညာ ဝိုင်းနှင့် ကဗျာပေါင်းချုပ်စာအုပ် မိတ်ဆက်ပွဲကို အောက်တိုဘာ ၁၀ ရက်နံနက် ၉ နာရီခွဲက ပုသိမ်ကြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနရုံးဝင်း အတွင်းရှိ ပံသုကျီခန်းမ၌ ကျင်းပ ခဲ့သည်။

အခမ်းအနားသို့ စာရေးဆရာ အသင်းနာယကများ၊ အသင်း ဥက္ကဋ္ဌ စာရေးဆရာ စိုးနိုင်ဆွေ (နိုင်စေရ-မန်းတက္ကသိုလ်)နှင့် အသင်းအမှုဆောင်များ၊ အသင်း ဝင်များ၊ မန္တလေးမြို့နယ်အသီးသီး မှ စာရေးဆရာ၊ ကဗျာဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသူ များနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားကို စာရေးဆရာ အသင်းနာယက စာရေးဆရာ ကိုကြီးကြွေက အဖွင့်အမှာစကား ပြောကြား၍ ဖွင့်လှစ်ခဲ့ပြီး အသင်း ဥက္ကဋ္ဌ စာရေးဆရာ စိုးနိုင်ဆွေ (နိုင်စေရ-မန်းတက္ကသိုလ်)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြော ကြားခဲ့သည်။

ထို့နောက် ရေးကြမယ်၊ ဖတ်ကြမယ်၊ ဝေငှကြမယ် အစီ အစဉ်ကို ဆက်လက်ကျင်းပရာ ဆရာ မင်းလပြည့် (ဟားခါး)၊ ဆရာ စိုးဝင်း (ဆသရ)၊ ဆရာ ပြည့်အောင်၊ ဆရာ ဘုန်းဇော်မိုး (ဥသာ)၊ ဆရာ မြခြူးအိမ်၊ ဆရာ အိုးဝေ (မြေနီကျင်း)၊ ဆရာမ နွေးထွေး (ပုသိမ်ကြီး)၊ ဆရာ မောင်မောင်လင်းထွဋ် (နန်းတော် ရှေ့)၊ ဆရာ စောနန်းမြေအောင်နှင့် ဆရာ ပန်းသပြေတို့က ကဗျာများ ရွတ်ဆိုခဲ့ကြပြီး စာပေဆိုင်ရာ အသိ ပညာများကို မျှဝေခဲ့ကြသည်။

ထို့နောက် ပညာသူရဲကောင်း ကဗျာပေါင်းချုပ်စာအုပ် မိတ်ဆက် ပွဲကို ဆက်လက်ကျင်းပခဲ့ရာ စာအုပ်ရေးသားသူ ဆရာကြီး အင်ကြင်းစု မိုးချစ်ဆွေ (မန္တလေး) က အဆိုပါ ကဗျာပေါင်းချုပ် စာအုပ်ရေးသားဖြစ်ခဲ့ပုံနှင့် ထုတ်ဝေ ဖြစ်ခဲ့ပုံတို့ကို ရှင်းလင်းပြောကြား ခဲ့သည်။

ထို့အပြင် တက်ရောက်လာ သူများအား ကဗျာစာအုပ်များကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ခဲ့ရာ တက်ရောက်လာကြ သည့် စာရေးဆရာ၊ ဆရာမများက ဝမ်းမြောက်ဂုဏ်ယူကြောင်း မှတ်တာ စကားများ ပြောကြားခဲ့ကြသည်။

အခမ်းအနားတွင် စာရေး ဆရာ၊ ပန်းချီဆရာမကြီး ခင်ဆွေ လှိုင်(ပန်းချီ)က အာဟာရဒါနပြု လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (ဝ၇ဝ)**

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းစံ အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့တွင် ကျောင်း သား၊ ကျောင်းသူများ ကလေး အလုပ်သမားနှင့်ပတ်သက်၍ အသိ ပညာဗဟုသုတများရရှိစေရန် အတွက် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာ ပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉နာရီက အခြေခံပညာမူလတန်း လွန်(ဝမ်လီ)ကျောင်း၌ ဆောင်ရွက် ခဲ့သည်။ **(အပေါ်ယာပုံ)**

အဆိုပါအသိပညာပေး ဟော ပြောပွဲတွင် မိုင်းစံမြို့ ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်အင်ကြင်းစံ(အငယ်တန်းစာရေး က ကလေးအလုပ်သမားပပျောက် ရေးနှင့်ပတ်သက်သည့် ကလေး အလုပ်သမား၏ အသက်အရွယ်၊ ကလေးအလုပ်သမားဆိုသည်မှာ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်၊ ကလေး သူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ နှင့် ကလေးအလုပ်သမားပပျောက် ရေးအတွက် အသိပညာအကြောင်း အရာများကို ဟောပြောဆွေးနွေးခဲ့ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# လူငယ်စာဖတ်ဝိုင်းနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ပျော်ဘွယ် အောက်တိုဘာ ၁၂**

ပျော်ဘွယ်မြို့နယ် ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ လူငယ်များ စာဖတ်သည့် အလေ့အထများ ပြုစုပျိုးထောင် ပေးနိုင်ရေး၊ တီထွင်ဖန်တီးနိုင်စွမ်း နှင့် စဉ်းစားတွေးခေါ်နိုင်စွမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို ရည်ရွယ်၍ လူငယ်စာဖတ်ဝိုင်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စစ်တုရင် ပြိုင်ပွဲတို့ကို ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်ရုံး၊ လူထုအခြေ ပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်မေ စောမွန်က စာဖတ်ဝိုင်းကျင်းပ ရခြင်း၏ ရည်ရွယ်ချက်များနှင့် စာဖတ်ခြင်းမှရရှိလာမည့် အကျိုး ကျေးဇူးများအား ရှင်းလင်းပြော ကြားပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ရန့်သိုက်ရေးသားသည့် "သင့် အနာဂတ်ကို သင်ကိုယ်တိုင် ဖန်တီးယူပါ" စာအုပ်ပါ "ပျော်ရွှင် ချင်လျှင် ရည်မှန်းချက်ထား" ဆောင်းပါးအား ဖတ်ရှု၍ မိမိတို့ ၏ အတွေးအမြင်များကို အပြန် အလှန်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် စာဖတ်ဝိုင်းသို့ တက်ရောက်လာသော ကျောင်း သား၊ ကျောင်းသူများဖြင့် စာ ဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စစ်တုရင် ပြိုင်ပွဲတို့အား ဆက်လက်ကျင်းပ ရာ ကျောင်းသား၊ ကျောင်းသူ များက တက်ကြွပျော်ရွှင်စွာ ပါဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**(ယာပုံ)**

**ကျော်စွာထက်(ပျော်ဘွယ်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ





ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ
လေ့လာစို့။



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ပန္နလေး


## လယ်တောဇာတ်ပွဲ

* မောလိုက်တာဟာ
ကပြပါ မိလုံးရေ။
ဖြူချိုချို
မှုံပိုပို အကများမို့
ရှုစားလိုက်ကြ။

* အပြောက ရွှေမန်း
အကဆန်း ချိုမိုင်မိုင်
ရယ်မောသံလှိုင်။
အားပေးကြသံပြိုင်
ဘဝင်တိုင်ကြားနေရ။

* နောက်ထပ်တစ်ဖန်
လက်ခုပ်သံ မညီမညာနဲ့
သီချင်းသံ မပီကလာနဲ့
ဝိုင်းဖွဲ့လို့က။

* နှစ်ပါးခွင် ဆက်လို့က
အေးမြက မင်းသားအသွင်။
မင်းသမီး ဒွေးခင်စိုးက
ရိုးရိုးယဉ်ယဉ်။

* လယ်တောဇာတ်သဘင်
မြင်သူတကာ လည်ပြန်ငေး။
တော်ကြပါအေ
ရေခပ်ပြီး အိမ်ပြန်ရအောင်
စိုက်ကြပါလေး။ ။

**ဦးကြီးတိုး**



# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၃ ထပ် အဆောက်အအုံတစ်လုံးအား ထပ်မံဖြိုချဖျက်ဆီး၊ ကျန်အဆောက်အအုံများအား ဆက်လက်ဖြိုချဖျက်ဆီးသွားမည်

နေပြည်တော် အောက်တိုဘာ ၁၂

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု (ONLINE SCAM)များ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ၁၃ ထပ်အဆောက်အအုံ တစ်လုံးအား ယမ်းဖြင့် ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် ငါးထပ်အဆောက်အအုံ နှစ်လုံးအား ယာဉ်ယန္တရားများဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ငါးထပ်အဆောက်အအုံ တစ်လုံးမှာ ဖြိုချဖျက်ဆီးမှု ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးမှာ ၂၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် ၁၃ ထပ် အဆောက်အအုံတစ်လုံးအား ယမ်းဖြင့် ထပ်မံဖောက်ခွဲ၍ အလုံးစုံဖြိုချဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် ဖျက်ဆီးရန်ကျန် အဆောက်အအုံများအား စနစ်တကျ ဆက်လက်၍ဖြိုချဖျက်ဆီးသွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ၅ ထပ်အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

မဖြိုဖျက်မီ





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ၅ ထပ်အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု





## စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး ဖမ်းဆီးအရေးယူ

**စစ်ကိုင်း အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့ မော်တော်ယာဉ် သုံးစီး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၀ ရက် နံနက် ၇ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ စိန်ကုန်းရပ်ကွက်၊ မန္တလေး-မုံရွာသွားကားလမ်း ကျော်ထက်ကွေ့မီးပွိုင့်၌ အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အဆိုပါကားလမ်းအတိုင်း အရှေ့မှအနောက်သို့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ရပ်ကွက်ကြီး(၃)နေ ကိုနေလင်းထွန်း (၂၂)နှစ်ဆိုသူ မောင်းနှင်လာသည့် DAIHATSU HIJET မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် နေလင်းထွန်းဆိုသူအား စစ်ကိုင်းမြို့မရဲစခန်းမှလည်းကောင်း။

အလားတူ မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံ(X-RAY) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ အမှတ်(၉၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ပြင်ဦးလွင်မြို့မှ နောင်ချိုမြို့ဘက်သို့ အမရပူရမြို့နယ်၊ ထန်းတောကျေးရွာနေ ဦးမုန့်လတ်အောင်(ခ) အောင်အောင်(၃၁)နှစ်ဆိုသူ မောင်းနှင်လာသည့် TOYOTA WISH မော်တော်ယာဉ်နှင့် ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ သာစည်ရပ်ကွက်နေ ကိုစိန်ဖြိုးခိုင်(၂၉)နှစ်ဆိုသူ မောင်းနှင်လာသည့် TOYOTA WISH အမျိုးအစား မော်တော်ယာဉ်တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါ မော်တော်ယာဉ်များနှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် မုန့်လတ်အောင်(ခ) အောင်အောင်နှင့် စိန်ဖြိုးခိုင်ဆိုသူတို့နှစ်ဦးအား ပိတ်ချင်းမြောင်နယ်မြေရဲစခန်းမှလည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**ရှမ်းပြည်နယ် အောက်တိုဘာ ၁၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အောက်တိုဘာ ၈ ရက် ညနေ ၅ နာရီခွဲက ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ ကျိုင်းဖောင်းကျေးရွာအနီး၌ မိုင်းပျဉ်းမြို့နယ်၊ ဝမ်ပုံကျေးရွာနေ စိုင်းဆမ်ရှိန်(၄၂)နှစ်ဆိုသူ မောင်းနှင်လာသော TOYOTA HILUX VIGO အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသည့် ဘိန်းစိမ်း ၅၁ ကီလိုအား ဖမ်းဆီးရမိသဖြင့် စိုင်းဆမ်ရှိန်ဆိုသူအား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မီးပလပ်ခုံ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွား

**ကျောက်ဆည် အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၌ ယမန်နေ့ ည ၁၁ နာရီ ၃၂ မိနစ်က မီးပလပ်ခုံ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်လုံးနိုင်ရပ်ကွက် (၁၇)လမ်း ဒေါ်မိမိခိုင်၏ ၁၀ပေ×၁၀ပေ သွပ်မိုး၊ ကျောက်ပြားကာ၊ မြေစိုက်တစ်ထပ် အကြော်ဆိုင်၌ အသုံးပြုသည့် ဟောင်းနွမ်းဆွေးမြေ့နေသည့် မီးပလပ်ခုံမှ အပူလွန်ကဲ၍ မီးစတင်လောင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အဆိုပါ ၁၀ပေ×၁၀ပေ သွပ်မိုး၊ ကျောက်ပြားကာ၊ မြေစိုက် တစ်ထပ်ဆိုင်ခန်း တစ်စိတ်တစ်ပိုင်း မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်ရာသို့ ကျောက်ဆည်ခရိုင်မီးသတ်ဦးစီးဌာနမှ ခရိုင်မီးသတ်ဦးစီးမှူး ဦးသက်နိုင် ဦးဆောင်၍ ခရိုင်မီးသတ်စခန်းမှ ရေသယ်ယာဉ် တစ်စီး၊ မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ သန္နေတပ်ဖွဲ့ဝင် ၁၇ ဦးတို့မှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၅)**

# အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အပူရှောင်စခန်းဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်



**ဂန့်ဂေါ အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့တွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အပူရှောင်စခန်းကို ဂန့်ဂေါမြို့၊ မြောက်ကုန်းရပ်ကွက်ရှိ သာသနာ့ဗိမာန်တော်ကြီး အောက်ထပ်တွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုခဲ့သည်။

ထိုသို့ အပူရှောင်စခန်းဖွင့်လှစ်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဒေါ်ယဉ်နွဲ့ဝင်း ဦးဆောင်၍ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးသန်းထက်အောင်နှင့် ခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက အပူရှောင်ရန် လာရောက်သူများအတွက် ရေ၊ လျှပ်စစ်မီး၊ ပန်ကာ၊ သောက်ရေသန့်နှင့် နေရာထိုင်ခင်းများပြင်ဆင်ခြင်း၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ သတိလစ်ခြင်းစသည့် လက္ခဏာများဖြစ်ပေါ်လာပါက အရေးပေါ်ကုန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ကြည့်ရှု၍ လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မောင်မျိုးမင်း(ပြန်/ဆက်)**

*-*-*-*-*-*



# စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**မင်းတုန်း အောက်တိုဘာ ၁၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ သုံးသပ်ဆွေးနွေးရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စီမံကိန်းလည်ပတ်မှုအခြေအနေများ၊ အကြံပြုချက်များကို ဆွေးနွေးတင်ပြကြပြီး မြို့နယ်စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်များက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)**ဆက်လှ**

*-*-*-*-*-*

# အိမ်ထောင်စုဆီဝယ်စာအုပ်များဖြင့် စားသုံးဆီများ ရောင်းချပေးနေမှု ကွင်းဆင်းကြီးကြပ်ဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာ၊ စားသုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချသူများအသင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက မြင်းခြံမြို့နယ်အတွင်း စားသုံးဆီအရောင်းဆိုင်များသို့ သွားရောက်၍ စားသုံးဆီများကို အိမ်ထောင်စု တစ်စုလျှင် ဆီဝယ်ယူခွင့် စာအုပ်ဖြင့် တစ်လလျှင် ၂ ပိဿာ ၅၀ ကျပ်သားနှုန်း မှန်မှန်ကန်ကန် လက်ဝယ်ရောက်ရှိစေရေး၊ သတ်မှတ်အရေအတွက် သတ်မှတ်ဈေးနှုန်းနှင့် ရောင်းချခြင်း ရှိ၊ မရှိ၊ မှန် ဖြ မှန်နှင့်အညီ ရောင်းချရေးနှင့် စားသုံးသူရေးရာဦးစီးဌာနသို့ ဆက်သွယ်တိုင်ကြားနိုင်သော ဖုန်းနံပါတ်များ ရိုက်နှိပ်ဖော်ပြပေးထားခြင်း ရှိ၊ မရှိ တို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(ဝ၄၅)




# နမ့်ခုံးရှမ်းများပရဟိတအသင်းခွဲ တည်ထောင်ခြင်း (၁၀)နှစ်ပြည့် ကျင်းပ

**ကျောက်မဲ အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၌ နမ့်ခုံးရှမ်းများပရဟိတအသင်းခွဲ(ကျောက်မဲ) တည်ထောင်ခြင်း (၁၀)နှစ်ပြည့်နှင့် အသင်းသားများအား ဂုဏ်ပြုပွဲကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက ရပ်ကွက် (၁)၊ ပင်လုံလမ်းရှိ မြို့ကျက်သရေ ဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဓမ္မမေဒနီ ရွှေကျင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မသိရီထံမှ ဩဝါဒစကား နာယူကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ တောင်ကြီးမြို့ နမ့်ခုံးရှမ်းများပရဟိတအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းမွေဖောင်အေး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထိုက်ဇော် နှင့်အသင်းဥက္ကဋ္ဌ ဦးစိုင်းကူးတို့က အမှာစကားများပြောကြားသည်။

ထို့နောက် တောင်ကြီးမြို့ အဖွဲ့ချုပ်နှင့် အသင်းခွဲများက အလှူငွေကျပ် ၁၃၈ သိန်း လှူဒါန်းရာ အသင်းဥက္ကဋ္ဌက လက်ခံရယူပြီး နမ့်ခုံးရှမ်းများပရဟိတအသင်းခွဲ(ကျောက်မဲ)မှ ကျောက်မဲခရိုင်ပြည်သူ့ဆေးရုံကြီးအတွက် ဆေးနှင့်ဆက်စပ်ပစ္စည်းများလှူဒါန်းရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းသန်းအောင်က လက်ခံရယူခဲ့သည်။

ထို့နောက် အသင်းတာဝန်ရှိသူများက စာရင်းရှင်းတမ်းနှင့် နှုတ်ခွန်းဆက်စကားပြောကြားကာ ပရဟိတလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် အသင်းသား ၁၆ ဦးအား ဂုဏ်ပြုဆုဲပြားများနှင့် တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် ၅၀,၀၀၀ စီ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

*-*-*-*-*-*

# စီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း(SMART Village)နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ မြို့နယ်အဆင့် စီမံကိန်းသုံးသပ်ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး၌ ကျင်းပခဲ့ရာ ဆင်ပေါင်ဝဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းသိန်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က မြို့နယ်အဆင့် ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း(SMART Village)နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ သုံးသပ်ဆွေးနွေးရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက စီမံကိန်းလည်ပတ်မှုအခြေအနေများ၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြပြီး မြို့နယ်စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်စိစစ်သုံးသပ်ခဲ့ကြောင်း သိရသည်။

**ငြိမ်းသူ**

၀-၀-၀-၀-၀

# အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသံချဲ့စက်ဖြင့် အသိပညာပေး နှိုးဆော်၊ လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မတ္ထီလာ အောက်တိုဘာ ၁၂**

မန္တလေး၊ အောင်မြေသာစံ ခရိုင် မတ္ထီလာမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသံချဲ့စက်ဖြင့် အသိပညာပေး နှိုးဆော်ခြင်း၊ လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၁ ရက်က ဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြတ်သူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများက မြို့အတွင်း လှည့်လည်၍ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို အသံချဲ့စက်ဖြင့် အသိပညာပေး နှိုးဆော်ခြင်း၊ လျှပ်စစ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင် များဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ) **ရွှေရာသား**



❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၉)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်း ကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီး၌ စုဖွဲ့၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။



အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၉)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ်ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီ ဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၉)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်-

၁။ ကျွန်တော် ဒီသင်တန်းကို မိမိရဲ့ဆန္ဒအရ စစ်မှုထမ်းရန် တက်ရောက်လာခြင်း ဖြစ်ပါတယ်။ ဆရာတွေ သင်ကြားပေးတဲ့ ပညာရပ်အတိုင်း စနစ်တကျ လိုက်နာသင်ယူမယ်လို့ ဆုံးဖြတ်ထားပါတယ်။ သင်တန်းကာလ ပြီးမြောက်သွားလို့ရှိရင် အထက်က ပေးတဲ့ အမိန့်နဲ့ တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်သွားမှာပါ။





၂။ စစ်မှုထမ်းဆင့်ခေါ်စာပေါ့နော်၊ နှစ်နှစ်တာဝန်ထမ်းဆောင်ရမယ်ဆိုပြီးတော့ ဆင့်ခေါ်စာရောက်လာလို့ လာရောက်ထမ်းဆောင်တာဖြစ်ပါတယ်။ ဘယ်အရာမဆို အောင်မြင်အောင် နောက်ဆုံးပြီးတဲ့အချိန်ထိ ကြိုးစားသွားမှာပါ။ တိုင်းပြည်ကိုလည်း ကျေးဇူးဆပ်ရာရောက်ပါတယ်။ ပြီးတော့လည်း ဒီနှစ်နှစ်ဆိုတာက လူတိုင်း ယောကျ်ားတိုင်း တာဝန်ထမ်းဆောင်ရမှာဖြစ်တဲ့အတွက် ရှောင်လွှဲလို့ မရပါဘူး။ အပြင်လောကနဲ့ တပ်မတော်ဆိုတာတော့ အများကြီး ကွာခြားပါတယ်။ အပြင်မှာကျတော့ ကျွန်တော်တို့ နေချင်သလို နေတယ်၊ စားချင်သလို စားတယ်၊ သွားချင်သလိုသွားတယ်။ ဒါပေမဲ့ ဒီထဲမှာရောက်သွားတဲ့ ဒီနှစ်နှစ်ကနေ ပြီးသွားလို့ရှိရင် ကျွန်တော်တို့ အရင်လိုနေဖြစ်မှာတော့ မဟုတ်တော့ပါဘူး။ ဒီထဲက အတိုင်းပဲ မနက်ဆိုရင်လည်း ကိုယ့်ဘာသာကိုယ် ထစရာရှိတာ ထမယ်၊ လုပ်စရာရှိတာလေးတွေ လုပ်မယ်၊ အရာရာအားလုံး စနစ်တကျနဲ့ ကိုယ့်တာဝန်ယူမှု၊ တာဝန်ခံမှုတွေနဲ့ အဲဒီလိုမျိုး သွားပါမယ်။ ကျွန်တော်တို့ နိုင်ငံခြားသွားတာပဲဖြစ်ဖြစ်၊ ကိုယ့်ရပ်၊ ကိုယ့်ဒေသမှာပဲဖြစ်ဖြစ် အကုန်လုံးက လွတ်လွတ်လပ်လပ် နေနိုင်မယ်။ ပြီးတော့ နိုင်ငံပေါ်မှာလည်း နှစ်နှစ်ဆိုတာ ပြီးသွားတာဖြစ်တဲ့အတွက် တာဝန်ကျေပွန်တယ်။ အလုပ်အကိုင် အခွင့်အလမ်းတွေလည်း အများကြီးရပါတယ်။ ဘာမှမဖြစ်ပါဘူး။ ကျွန်တော်တို့ အပြင်မှာတော့ ကြောက်တာပေါ့၊ ဒါပေမဲ့ တကယ်တမ်း ရောက်သွားတဲ့ အခါမျိုးကျတော့ ထင်သလောက်လည်း မဟုတ်ပါဘူး။ အကုန်လုံးကတော့ ခက်ခဲပါတယ်။ ဒါပေမဲ့လည်း ကိုယ်က ယောကျ်ားဆိုတော့ ဖြတ်ကျော်ရမှာပဲလေ။

သတင်းစဉ်



## တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

**နေပြည်တော် အောက်တိုဘာ ၁၂**

တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို လက်ရွေးစင်အားကစားသမားများမှ တစ်ဆင့်နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ် အားကစားသမားကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင်ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော်ကာကွယ်ရေး

စာမျက်နှာ ၅ သို့

## Falcon အသင်းကို အနိုင်ယူခဲ့သည့် ရန်ကုန်ယူနိုက်တက်(ယူ-၂၀)အသင်း

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်ယူနိုက်တက် (ယူ-၂၀) အသင်းသည် Falcon အသင်းကို ယနေ့ညနေ ၃ နာရီခွဲက သီဟဒီပကွင်းတွင် ယှဉ်ပြိုင် ကစားခဲ့ပြီး နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ဇေထက်အောင်နှင့် ကျော်ညီညီတို့ကသွင်းယူခဲ့ပြီး Falcon အသင်းအတွက် အောင်သူလှိုင်က သွင်းယူခဲ့သည်။

ရန်ကုန်လူငယ်အသင်းက ဇေထက်အောင်၏ သွင်းဂိုးနှင့် ဦးဆောင်ထားခဲ့ပြီး ပထမပိုင်းအပြီး အချိန်ပို ၅ မိနစ်တွင် Falcon အသင်းမှ အောင်သူလှိုင်က သွင်းယူခဲ့ကာ တစ်ဖက်တစ်ဂိုးစီဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ဆက်လက်အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ရန်ကုန်လူငယ်အသင်းမှ ကျော်ညီညီက မိနစ် ၉၀ အပြီး အချိန်ပို ၂ မိနစ်တွင် သွင်းယူခဲ့ကာ ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက် တက် (ယူ-၂၀)အသင်းက Falcon အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်(ယူ-၂၀)အသင်းသည် ၁၉ ပွဲကစား၊ ၁၃ ပွဲနိုင်၊ ၄ ပွဲသရေ၊ ၂ ပွဲရှုံး၊ ရမှတ် ၄၃ မှတ်ဖြင့် အဆင့် ၂ နေရာတွင် ရပ်တည်နေပြီး လာမည့် အောက်တိုဘာ ၂၁ ရက်နေ့တွင် ရန်ကုန်စီးတီး (ယူ-၂၀) အသင်းနှင့် YUSC ကွင်းတွင် ဆက်လက် ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ (NGB)

